# လွိုင်တွီးကျေးရွာ

# တီးတိန်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွိုင်တွီးကျေးရွာ၊ တီးတိန်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ တီးတိန်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၃

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၃

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၇

ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၇၃

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကိုတွင် ကျယ်စွာသုံးစွဲ လုပ်ဆောင်ခြင်းနည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကို အသုံးပြု၍အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေး လက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ၏ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကစီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီးကျေးရွာသူ၊ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။

ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ် ကြောင်းကို လည်းကောင်းစွာသိ ရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်းသတ်မှတ်ထားသော အချိန်များတွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းမှ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုမျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေ အနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ(၃၀) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လွိုင်တွီးကျေးရွာ
တီးတိန်မြို့နယ်၊

# လွိုင်တွီးကျေးရွာပြမြေပုံ၊ တီးတိန်မြို့နယ်၊ချင်းပြည်နယ်



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်း ပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွနုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွနုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွနုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ် မှုများ ပြုလာနိုင်ပါမည်။

**(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

လွိုင်တွီးကျေးရွာသည် တီးတိန်မြို့နှင့် (၁၄)မိုင်၊ နယ်စပ်မြို့သေးဖြစ်သော ရိဒ်ခေါ်ဒါ မြို့နယ်နှင့်နယ်နိမိတ်ထိစပ်လျှက်ရှိပေသည်။ ရိဒ်ရေကန်သို့ သွားရာလမ်းမပေါ်တွင်တည်ရှိပြီး၊ ကုန်စည်စီးဆင်းမှု ဖြတ်သန်းရာနယ်စပ်ကုန်သွယ်စခန်းတစ်ခုသဖွယ်ဖြစ်နေပေသည်။ တွန်းဇံမြို့များနှင့်နယ်နိမိတ်ထိစပ်လျက်ရှိပြီး၊ အိန္ဒိယနိုင်ငံနှင့်လည်းနယ်နိမိတ်ထိစပ်လျှက်ရှိပေသည်။ တောင်ထောင်ထူထပ်သောဒေသဖြစ်ပြီး မိုးရာသီတွင်မိုးရေချိန်လက်မအခြားဒေသများထက်ပိုမိုများပြားမှု ရှိသည်။ သမပိုင်းစိုစွတ်ရာသီဥတု ဖြစ်ပြီး၊မိုးရာသီတွင်နေရောင်ရရှိမှုနည်းသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွာအနီးပတ်ဝန်းကျင်တွင်ယာ မြေအဖြစ်အသုံးပြုနိုင်သောတောတောင် အချို့ကျန်နေသေးသဖြင့်စိုက်ပျိုးမြေများ တိုးချဲ့ရန်မှာအခွင့်အလမ်းအချို့ရှိပါသည်။ တောခုတ်ရှင်းလင်းပြီး တောင်ယာအဖြစ် ပြောင်းဖူးအဓိကစိုက်ပျိုးကြသည်။ စုစုပေါင်းလယ်ယာမြေဧက(၄)ဧက သာရှိပြီးစပါး စိုက်ပျိုးကြသည်။ ကျန်(၂၁၁) ဧကမှာ ပြောင်းဖူး အဓိကစိုက်ပျိုးကြသည်။ စားကျက်မြေ (၂၃၅၀)ဧက နှင့် ပလပ်မြေ (၁၇၅၀) ဧကရှိကြသည်။ ဓါတ်သတ္တုများမထွက်ရှိပါ။ သဲကျောက်များကျေးရွာတွင် အနီးဒေသတဝိုက်မှ အလွယ် တကူရနိုင်ပါသည်။ကျေးရွာတွင် ပဲပုတ်၊ ပဲယင်း၊ ငရုတ်၊ နေကြာနှင့် နှမ်းသီးနှံများ အနည်း ငယ် စိုက် ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်မိသားစု(၇၁၅)ရှိပြီး လူဦးရေစုစုပေါင်း(၄၃၅၄)ဦးရှိပါသည်။ ပျမ်းမျှမိသားစုတစ်စုလျှင် (၆)ဦးနှုန်း နေထိုင်ကြပါသည်။ အသက်(၁၅နှစ်မှ၆ဝနှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏၆၃% ရှိပြီး လူဦးရေစုစုပေါင်း၏ ၃၇%သည် မှီခိုသူများဖြစ်ကြသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင်ကျေးရွာမိသားစုများ၏ ဥစ္စာနေအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာလူထုသည် အသင့်အတင့်ချမ်းသာကြသည်ကိုတွေ့ရှိရပါသည်။ ချင်းတိုင်းရင်းသားများ၏အယူအဆအရ အိမ်ကောင်းတစ်လုံးရှိရမည်ဟုမှတ်ယူ၍ အိမ်ကိုအဓိကထားဆောက်လုပ်နေထိုင်ကြသည်။ အိမ်ထောင်စု (၆၅) စုမှာမြေယာမဲ့လက်လုပ်လက်စားများဖြစ်ကြပါသည်။ အိမ်ထောင်စု (၂၉၁) စုမှာလယ်ဧက (၁)ဧကအောက်ပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်ထောင်စု(၃၂၄)စုမှာလယ်ဧက(၁-၂)ဧကအောက်ပိုင်ဆိုင်ကြသူများဖြစ်ကြပါသည်။ လယ်ယာပိုင်ဆိုင်မှုကို ကြည့်ခြင်းအားဖြင့် လွိုင်တွီးကျေးရွာတွင်အများဆုံးပိုင်ဆိုင်မှုမှာ(၃-၅)ဧက ကြားအထိသာပိုင်ဆိုင်ကြပြီး၊ မြေပိုင်ဆိုင်မှုမှာဆင်းရဲချမ်းသာအဆင့်ခွဲခြား

မှုပေါ်တွင်လွှမ်းမိုးသက်ရောက်မှာမရှိပေ။ ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များ၊ မှီခိုအားထားမရှိသူများ၊ အသင်းတော်မှထောက်ပံ့မှုပေးနေရသူများဖြစ်ပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးအသင့်အတင့် ပိုင်ဆိုင်သူများနှင့် ဈေးဆိုင်ပိုင်ဆိုင်သူများ၊ ကိုယ်ပိုင်လိုင်းကားရှိသူများ၊ မိသားစုဝင်တစ်ဦးဦး နိုင်ငံခြားမှ ငွေလွှဲပို့သူများ၊ မျောက်ငိုပင်များများပိုင်ဆိုင်ထားပြီးဈေးကောင်းရကြသူများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်းအလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသောမိသားစုများဖြစ်ကြသည်။ ကျေးရွာတွင်မိသားစုမှ စောင့်ရှောက်ကူညီမှုမရှိသော ထိခိုက်သက်ရောက်လွယ်သည့် သက်ကြီးရွယ်အို ၆၀နှစ်နှင့်အထက်(၄၅)ဦးရှိပါသည်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ်နှင့်အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ရန် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှု များဖြစ်ပေါ်လာလျှင်ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်းအားနည်းသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြသည်။

သစ်တောခုတ်ထွင်၍ တောင်ယာစိုက်ပျိုး ကြသဖြင့် သစ်တောပြုန်းတီးမှုပမာဏမှာ မြင့် မားလျှက်ရှိပါသည်။သစ်တောပြုန်းတီးမှု များပြားလာသဖြင့် ရေတိုက်စားခြင်း၊ မြေပြိုခြင်း၊ လမ်းပျက်စီးမှုများပိုမိုဖြစ်ပွားလျှက်ရှိပါသည်။မြေပြိုခြင်း၊ ရေတိုက်စားခြင်းကြောင့် နှစ်စဉ်အိမ်ပြိုခြင်း၊ မြေသားနံရံ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်နေသည် ကိုမျက်ဝါထင်ထင်တွေ့မြင်ရပါသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

အဖြစ်များသော ရောဂါများမှာ တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောတို့ဖြစ်ကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိ ပြီး၊ ကျန်းမာရေးမှူးမှ အဓိက တာဝန်ယူကုသပေးလျက်ရှိပါသည်။ ကျန်းမာရေးဆိုင်ရာဗဟုသုတအနည်းငယ်သာရှိပြီး၊ ငှက်ဖျားလွန်စွာပေါများခဲ့သောဒေသဖြစ်သည်။ အာဟာရအပိုင်းနှင့်ပတ်သက်၍ ဟင်းသီးဟင်းရွက်၊ ပြောင်းဖူးနှင့် အသားများအဓိကစားသုံးကြကြောင်းသိရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်မူလတန်းကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းတစ်ခုတည်ရှိပြီး၊ အခြားကျေးရွာမှကျောင်းသားများ လာရောက်ပညာသင်ကြားလျှက်ရှိပါသည်။ မူလတန်းပြီးစီးမှုနှုန်း (၁၁%)၊ အလယ်တန်းပြီးစီးမှုနှုန်း (၁၀%)၊ အထက်တန်းပြီးစီးမှုနှုန်း (၅.၅%)၊ တက္ကသိုလ်ပညာပြီးစီးနှုန်း(၂%) ရှိ ကြောင်းတွေ့ရှိရပါသည်။ လုံးဝကျောင်းမနေသူများမှာ (၃၃%) ရှိကြောင်းတွေ့ရှိရပေသည်။

## (စ) ကျားမဆိုင်ရာဆက်သွယ်မှု

ဘာသာရေးအသင်းများအရ အနည်းငယ်ခွဲခြားမှုရှိသော်လည်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းပါဝင်လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်မှုတွင်လည်း အမျိုးသမီး၊ အမျိုးသားခွဲခြားမှုမရှိဘဲ၊ အတူတကွစုပေါင်းလုပ်ကိုင်ကြ ကြောင်းသိရှိရသည်။ ကျားမဆိုင်ရာဆက်သွယ်မှုတွင် အမျိုးသမီးများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်မှု အားနည်းကြောင်းတွေ့ရသည်။ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး၊ အသင်းတော်ဆရာများမှာ အမျိုးသားများဖြစ်ကြသည်။ အမျိုးသမီးသင်းအုပ်ဆရာမအချို့လည်းရှိပြီး၊ အနည်းငယ်မျှသာဖြစ်သည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်း၌ အဖွဲ့အစည်း(၈)ဖွဲ့ရှိသည်။ လူမှုရေးအဖွဲ့တွင် ရပ်မိရပ်ဖများ၊ အမျိုး သမီး/အမျိုးသားများနှင့် လူငယ်များပါဝင်ဖွဲ့စည်းထားပြီး လူငယ်များမှာအမြဲတက်ကြွမှုရှိကြပါသည်။ လူမှုရေးအဖွဲ့သည် ကျေးရွာအတွင်း တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အားပြိုင်ခြင်း၊ ဘာသာရေး ကျောင်းတစ်ခုနှင့် တစ်ခု သဘောထားကွဲလွဲ မှာများအား ထင်ရှာစွာတွေ့ရှိရသည်။ အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဘာသာရေး အသင်းခေါင်းဆောင်များအကြား ညှိနှိုင်းဆောင်ရွက်မှု အားအလွန်နည်းကြောင်းတွေ့ရှိရသည်။ ပညာရေးကဏ္ဍအတွက် မိဘဆရာအသင်းကိုဖွဲ့စည်းပြီး မူလတန်း၊ အလယ်တန်းပညာရေး ၊ အထက်တန်းနှင့်ဆိုင်သော ကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

တောင်သူ(၆၆၉ )ဦးရှိ၍ ယာဧက စုစုပေါင်း ( ၂၀၀ ) ကျော်၊ လယ်မြေ (၄) ဧကနှင့် ဥယာဉ်ခြံမြေ (၂၀) ဧကခန့်ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်၍ တောင်ကျရေ၊ မိုးရေ၊ စိမ့်စမ်းရေကိုအဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြသည်။

အဓိကသီးနှံမှာ ပြောင်းဖူး၊ စပါးဖြစ်ပြီး၊ မြေပဲ၊ ပဲယင်း တို့ကိုစိုက်ပျိုးကြပါသည်။ ရေထွက်ကောင်းသောနေရာ၊ ရေသွင်းမြောင်းရှိသောနေရာ များတွင်သာစပါး စိုက်ပျိုးနိုင်ပြီး၊ စပါးအထွက်မှာ တစ်ဧကလျှင်ပျမ်းမျှတင်း(၄၅) ဂန်းကျင်ထွက်ရှိပါသည်။ စပါးစိုက်ဧကမှာ(၄)ဧက ဂန်းကျင် သာရှိပြီး၊ ပြောင်းဖူးစိုက်ဧက မှာ ဧက (၁၅၀) ကျော် ရှိပါသည်။ စပါး စိုက်ပျိုးချိန်မှာ ဇွန်လမှ နိုဝင်ဘာလအထိဖြစ်ပြီး၊ ဂမ်းစာအတွက် လုံလောက်မှုမရှိကြောင်း သိရှိရသည်။ ပြောင်းဖူးစိုက်ပျိုးချိန်မှာ မတ်လမှ စက်တင်ဘာလထိ ဖြစ်ပြီး၊ အဓိကဂမ်းစာအဖြစ် စားသုံးကြသည်။

အခြားဂင်ငွေရ စိုက်ပျိုးသီးနှံ မှာ ဒေသအခေါ် မျောက်ငိုပင်ဖြစ်ပြီး နှစ်ရှည် အသီးပင် ဖြစ်သည်။ သက်တမ်း၅-၆ နှစ်တွင်စတင် အသီးသီးပြီး၊ စတင်အသီးသီးသောနှစ်တွင် ( ၇၀၀၀၀ - ၈၀၀၀၀ ) ကျပ်အထိ ဂင်ငွေရ ရှိ ကြသည်။ ပုံမှန် အသီးသီးလျှင် ( ၂၀၀၀၀၀-၃၀၀၀၀၀) ကျပ်အထိ

ရရှိသည်ဟု သိရှိရသည်။ အိမ် ထောင်စုတိုင်းတွင် အနည်းဆုံး (၁-၂) ပင်မှ အများဆုံး (၁–၂) ဧက အထိစိုက်ပျိုးထားရှိပြီး ဝင်ငွေရရှိမှုအားကောင်းသောသီးနှံဖြစ်သည်။ ပွဲစားများမှ လာရောက် ဝယ်ယူမှုများပြားလျက်ရှိပြီး၊ အိန္ဒိယ ဈေးကွက်သို့ အရှိန်အဟုန်မြင့်စွာ ထိုးဖောက်လျှက်ရှိပါသည်။ အလားအလာကောင်းသော သီးနှံတစ်ခုအဖြစ်ရပ်တည်လျက်ရှိပါသည်။ တောင်သူဦးကြီးများ အနေဖြင့် သဘာဝမြေဆွေး၊ မြေသြဇာနှင့် တမာကဲ့သို့သော သဘာဝပိုးသတ်ဆေးများကို အသုံးပြုရန် အသိပညာများတိုးပွားစေခြင်းဖြင့် သီးနှံ အထွက်နှုန်း တိုးတက်ရန် ဆောင်ရွက်ကြရပါမည်။

(၁၄)အိမ်ထောင်စုက နွားနောက် ကောင်ရေ(၄၀) ပိုင်ဆိုင်ကြသည်။ (၂၉)အိမ်ထောင်စုက မြင်းကောင်ရေ(၄၆) ပိုင်ဆိုင်ကြသည်။ (၁၆) အိမ်ထောင်စုက ကျွဲကောင်ရေ (၃၀) ပိုင်ဆိုင်ကြသည်။ (၅၀၃) အိမ်ထောင်စုက ကြက်ကောင်ရေ (၂၄၉၃) ကောင်ပိုင်ဆိုင်ကြသည်။ နွားနောက်ကို အဓိက ထားမွေးမြူကြသော်လည်းစီးပွားဖြစ် မွေးမြူခြင်းမဟုတ်ဘဲ၊ တစ်ပိုင်တစ်နိုင်နှင့် ဘာသာရေးပွဲများ နှင့် အလှူ အတန်းများတွင် ကျွေးမွေးရန် အလို့ငှာမွေးမြူကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လမ်းပေါ်တွင်တည်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်း၊ သိုလှောင် ရုံငှားခြင်းလုပ်ငန်း၊ ဈေးဆိုင်၊ ကုန်စုံဆိုင် လုပ်ငန်းများ၊ လက်သမား၊ ပန်းရံလုပ်ငန်းများလုပ်ကိုင် ကြကြောင်းသိရသည်။ ၎င်းအပြင် ကုန်တင်ကုန်ချ လုပ်ငန်းများလုပ်ကိုင်ခြင်း၊ လွှဆွဲနှင့် အခြား နေ့စားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ် ငန်း များလုပ် ကိုင်ကြကြောင်းသိရသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

တောမီးရှို့ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ (မိုးများခြင်း ဖြင့်ရေတိုက်စားခြင်း)တို့ ကြောင့် မြေဆီသြဇာများပျက်စီးလာပါသည်။ ၎င်းအပြင်တောင်ယာခုတ်ခြင်း၊ အိမ်ဆောက်လုပ်ရန် သစ်ခုတ် ခြင်းများပြုလုပ်ခြင်းများကြောင့် အခြားအပင်မျိုးစိတ်များ ပါပျက်စီးပျောက်ကွယ်မှုမြင့်မား လာကြ သည်။ ထင်းမီးထုတ်ယူမှုနှုန်းမြင့်မားနေပြီး တစ်နှစ်အတွက် ပျမ်းမျှထင်းတန် ၁၅၀၀ မှ ၂၀၀၀ အထိ ခုတ်ယူသုံးစွဲကြခြင်းကြောင့် တောပြုန်းလာ၍အပင်မျိုးစိတ်များ ရှားပါးလာသည်။ စိုက်ခင်းတွင် ကျရောက်သောဖျက်ပိုးများအား စနစ်တကျကာကွယ်နည်းပညာ အားနည်းခြင်းများကြောင့်လည်း ပျက်စီးဆုံးရှုံး မှုများကြုံရပါသည်။ တောင်ယာမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်းကြောင့်ရေထွက်သော အရင်းအမြစ်များပျက်စီးခြင်းနှင့် ရေထွက်နည်းခြင်းများဖြစ်ပေါ်လာပါသည်။ ငါးမျိုးကွဲများ နှင့်ပတ်သက်၍ လျှပ်စစ်ဖြင့်ငါးဖမ်းခြင်း၊ မိုင်းခွဲဖမ်းခြင်းများပြုလုပ်ခြင်းကြောင့် ငါးမျိုးကွဲများ ရှားပါးလာပါသည်။ တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှုနှင့်ပတ်သက်၍ မိုးရာသီတွင် ခွာနာ၊ လျှာနာများဖြစ် ပွားလေ့ရှိသည်။

## (င) ဘဏ္ဍာလုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

တီးတိန်မြို့ရှိMADB ဘဏ်မှစပါးစိုက်တောင်သူများအတွက် ဘဏ်ချေးငွေရရှိနိုင်သော်လည်း၊ ယခုနှစ် တွင်ကပ်တယ်ကျေးရွာတွင်မည်သူမှ ချေးယူခြင်းမရှိကြပါ။ အဘယ့်ကြောင့်ဆိုသော် ငွေပြန်သိမ်းချိန်မှာ သတ်မှတ်ချိန်ထက်စော ၍ ကောက်ခံသော ကြောင့်ဖြစ်ပါသည်။ ယခင်နှစ်က တောင်သူတစ်ဦးလျှင် စပါးစိုက်ပျိုးရန် တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးသည်။ လယ်ပိုင်ဆိုင်မှုမှာ လည်း ပျမ်းမျှ တစ်ဧကစီသာ ပိုင်ဆိုင်ကြ၍မြို့သို့ သွားရောက်ထုတ်ယူရန် အဆင်မပြေသောကြောင့်လည်းဖြစ်သည်။ မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာရှိသမဝါယမ အဖွဲ့အစည်းသို့ ငွေထုတ်ချေးခဲ့ပါသည်။ စိုက်ပျိုးကုန်ထုတ်သမဝါယမအတွက် အဖွဲ့ဝင်များအား တစ်ဦး လျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ ချေးငွေကာလမှာ (၆)လ ဖြစ်ပြီး အတိုးမှာ တစ်နှစ်လျှင် (၈.၅%)ဖြစ်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(၅-၉)နှစ်ကြားမူလတန်းကျောင်းနေအရွယ်ကလေး ကျား (၁၉၁)ဦး၊ မ(၁၈၂)ဦး၊ ပေါင်း (၃၇၃)ဦး ရှိပြီး၊ ၎င်းကလေး များအားလုံး ကျေးရွာမူလတန်းကျောင်းတွင် တက်ရောက် ပညာသင်ကြား နေပါသည် ကျေးရွာတွင်တွဲဖက်အထက်တန်း ကျောင်းကို ဖွင့်လှစ်ထားပြီး အလယ်တန်းနှင့်အထက်တန်းကျောင်းသား ကျား(၂၆၅)ဦး၊ မ(၁၄၇)ဦး ၊ ပေါင်း (၄၁၂)ဦးတို့သည်လည်း အထက်တန်းပညာကို ကျေးရွာအတွင်းတွင် သင်ကြားလျက်ရှိကြပါသည်။

စာသင်ကျောင်းမှာကျေးရွာအတွင်းတည်ရှိပြီး၊ ကျောင်းတက်ရလွယ်ကူမှုရှိပေသည်၊ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများနှင့် စာသင်ခုံများလည်း ပျက်စီးယိုယွင်းမှုများရှိနေကာ လုံလောက်မှုမရှိပါ။ မူလတန်းပြ ကျား(၂)၊ မ(၉) နှင့် ပေါင်း (၁၁)ဦး ရှိပြီး၊ အထက်တန်းပြ ကျား(၇)ဦးနှင့်မ (၂၁) ဦး ပေါင်း(၂၈) ဦးရှိကြသည်။ ကျောင်းတွင် ဆရာနှင့် ကျောင်းသားအချိုးအစားသည် မျှတမှုမရှိဘဲ လစ်လပ်ဂန်ထမ်းအတွက် အစားထိုးမခန့်နိုင်သေးခြင်း၊ အထက်တန်းပြများတွင် ဘာသာရပ်အလိုက်ပြသမည့် ကျောင်းဆရာမလုံလောက်ခြင်းတို့ရှိနေပါသည်။ မူလတန်းကျောင်းသားများအတွက်ကျောင်းဖွင့်ရာသီတွင် ပုံနှိပ်စာအုပ်ပံ့ပိုးမှု ရှိသော်လည်း ကျောင်းသုံးဗလာစာအုပ်များကိုမူပြင်ပမှ ဝယ်ယူသုံးစွဲရပါသည်။ မိဘဆရာအသင်းမှာ ပညာရေးမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လို အပ်ပါသည်။

တစ်ရွာလုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ သောက်ရေ၊ သုံးရေ၊ ချိုးရေ တို့အတွက် အိမ်ထောင်စုအများစုတွင် စိမ့်စမ်းရေများမှရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက် စွာမရရှိနိုင်ပေ။ အနီးစပ်ဆုံးရေ အရင်းအမြစ်မှ နေ ၍ ပိုက်လိုင်းတပ်ဆင် သွယ်တန်းခြင်းများ၊ ရေလှောင်ကန်များ ဆောက်လုပ်၍ ရေ သိုလှောင်ခြင်း၊ ရေ သွယ်ပိုက်များ တပ်ဆင်ခြင်းများဖြင့် ပြုလုပ် ဆောင်ရွက် သင့်ပေသည်။

ကျေးရွာတွင် အိမ်ထောင်စု (၆၆၈)စုမှာ ယင်လုံအိမ်သာသုံးစွဲပြီး၊ ကျင်းအိမ်သာ(၄၂) အိမ်ထောင်စုနှင့်တောထိုင်အိမ်သာအား (၅)အိမ်ထောင်စုမှ အသုံးပြုကြပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါး

မှုနည်းပါးပါသည်။ ကျေးရွာရှိမူလတန်းကျောင်းမှ ကျောင်းသူ ကျောင်းသားများ၏ တစ်ကိုယ်ရေ သန့် ရှင်ရေးအတွက် လုံလောက်သော အသုံးအဆောင်မရှိပါ။

### (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် ကွန်ပျူတာ၊ ပရိဘောဂပစ္စည်း၊ လိုအပ်သောကိရိယာ တန်ဆာပလာများနှင့် ပြည့်စုံသော လေ့လာသင်ယူရေးနေရာတစ်ခုနှင့် စာကြည့်တိုက်အဆောက်အဦးတို့ လိုအပ်ပါသည်။ စာကြည့်တိုက်ရှိသော်လည်း စာအုပ်မစုံ လင်မှု နှင့် ကိုယ်ပိုင် အဆောက်အဦး မရှိခြင်းတို့မှာလည်း အဟန့်အတား တစ်ခုဖြစ်နေပါသည်။ လူငယ်များကိုလည်း စာဖတ်နှုန်းအရှိန်အဟုန် မြှင့်တင်ပေး ရန်အထူးလို အပ်လျှက်ရှိပါ သည်။၎င်း ဒေသရှိ အလယ်တန်းအရွယ် ကျောင်းသားအများစုမှာ ဗမာ စကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်မှာ အားနည်းပြီး၊ အထက်တန်းနှင့် အထက်တန်းအောင်မြင်ပြီး သူများသာလျှင် ဗမာစကားအား ကျွမ်းကျင်စွာပြောဆို ဆက်ဆံနိုင်ကြသည်။ အဓိကအားဖြင့် ချင်း ဘာသာစကား၊ တီးတိန်ဘာသာစကားကိုအသုံး ပြု၍ပြောဆို ဆက်ဆံကြသည်။ ကျေးရွာလူထုသည် ခရစ်ယာန်ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပြီး သီချင်းဆိုခြင်း၊ လူမှုရေး ပွဲတော် များတွင် ချက်ပြုတ်ရာတွင် ပါဝင်ပေးခြင်း၊ ဖိတ်စာများ ဖိတ်ပေးခြင်း၊ ဧည့်သည်များအား ဧည့်ခံပေး ခြင်း၊ လမ်းဖောက်လုပ် ခြင်း၊ လမ်းပြုပြင်ခြင်း၊ ရေနုတ်မြောင်း ဖောက်ခြင်းကဲ့သို့ သောလုပ်ငန်းများ တွင် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ပါသည်။

### (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့်ဆက်သွယ်ရေး

တီးတိန်မြို့သို့ သွားသောမြေသားလမ်းမှာ တစ်နှစ်ပတ်လုံး သွားလာနိုင်ပြီး အများအားဖြင့် မော်တော်ဆိုင်ကယ်နှင့်သွားလာနိုင်ကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအချို့မှာ မော်တော် ဆိုင်ကယ် ကိုယ်စီရှိကြပါသည်။ လွိုင်တွီးကျေးရွာသို့ ရောက်ရှိရန် မဏိပူရမြစ်ကူး တံတားတစ်ခုကို ဖြတ်သန်းရပြီး၊ တံတားမှာ ယခုအခါ ကြံ့ခိုင်မှု အားနည်းလျှက်ရှိပါသည်။ ကြိုးတံတား တစ်ခုရှိပြီး၊ တစ်နှစ်ပတ်လုံးသွားလာနိုင်ပေသည်။ အိန္ဒိယ နယ်စပ်ဖြတ်ကျော်လမ်းမ ပေါ်တွင်တည်ရှိသော်လည်း၊ မိုးရာသီတွင် လမ်းပျက်ခြင်း၊ မြေပြိုခြင်းနှင့် ရွှံ့ထခြင်းများကြောင့် သွားလာရခက်ခဲပေသည်။ မိုး သည်းထန်စွာ ရွာသွန်းချိန်များတွင် သွားလာရခက်ခဲခြင်းကြောင့် ကုန်စည်ပို့ဆောင်မှုအား နှောင့်နှေး စေပြီး၊ အချိန်ကြာမှုဖြစ် စေပေသည်။

အဓိကအားဖြင့် ဆိုလာစနစ်ကိုအသုံးပြုကြပြီး၊ အိမ်ထောင်စု(၄၂၇)စုမှ အသုံးပြုနေကြသည်။ ၎င်းအပြင်ဒီဇယ်အင်ဂျင်နှင့် အသေးစားရေအားလျှပ်စစ်တို့ကိုလည်း အိမ်ထောင်စုအချို့မှ အသုံးပြု ကြကြောင်းသိရှိရသည်။

ကျေးရွာလူထုသည် တယ်လီဖုန်း (၁၂၁) လုံး၊ ရေဒီယို (၃၁) လုံး၊ ရုပ်မြင်သံကြား (၈၁) လုံးတို့အားကောင်း မွန်စွာ အသုံးပြု နိုင်ကြပါသည်။ စီဒီအမ်အေ ၄၅၀-၈၀၀ စသောဖုန်းလိုင်း များ အသုံးပြုနိုင်ကြသည်။ နိုင်ငံခြားသို့လည်း ဖုန်းတိုက်ရိုက်ဆက်သွယ် ခေါ်ယူမှုများ လည်းရှိပါသည်။ အိန္ဒိယ ဖုန်းလိုင်းမှာဆက်သွယ်ရေးကိရိယာတစ်ခုတပ်ဆင်ပြီး ပြည်ပနိုင်ငံများသို့ခေါ်ဆိုနိုင်ကြသည်။

ပြည်ပရောက်နေသော ကျေးရွာသားများသည် မိမိမိသားစုဝင်များအား အချိန်မရွေးခေါ်ဆိုနိုင်ကြောင်း သိရသည်။ ကျေးရွာတွင်စ ကြည့်တိုက်တစ်လုံးရှိသော်လည်း လိုအပ်သော စာအုပ်စာပေများအား လက်လှမ်းမှီမှု အားနည်းကြသည်။ ဆက်သွယ်ရေးနှင့်ပတ်သက်၍ စာတိုက်တစ်ခုရှိပြီး၊ စာပို့နှင့် စာပေးစာယူ လုပ်ငန်းများ လုပ်ကိုင်နိုင်ကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှု အနေဖြင့်ကြီးကြီးမားမားမရှိပါ။ ပြည်သူလူထုမှာ ဘေးကင်းလုံခြုံကြပါသည်။ ကျေးရွာအတွင်း၌ ရဲစခန်းတစ်ခုရှိပြီးစခန်းမှူးနှင့်ကျေးရွာသူ၊သားများမှာ ရင်းနှီးဖော်ရွေ စွာဆက်ဆံပြောဆို ကြပါသည်။

သဘာဝဘေးအန္တရာယ်ကြိုတင် စီမံခန့်ခွဲရေး စနစ်အချို့ကို ချမှတ်ထားခြင်း မရှိသေးပါ။ ပတ်ဝန်းကျင်နှင့်ပြည်သူလူထုကို ထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ထပ်မံသင်တန်းများရယူရန် လိုအပ်ပါသည်။ သဘာဂဘေးအန္တရာယ်ကျရောက်မှာစီမံခန့်ခွဲမှု နှင့်ပတ်သက်၍ဗဟုသုတနည်းခြင်း၊ အတွေ့အကြုံမရှိခြင်းတို့သည်လည်းအဟန့်အတားတစ်ခုအ နေဖြင့်ရှိနေပါသည်။ နယ်စပ်ဖြတ်ကျော်ကျေးရွာဖြစ်သဖြင့် လူအသွားအလာများပြီး၊ ခရီးသွားဧည့်သည်အများစု သွားလာကြသဖြင့် ကျေးရွာ၏လုံခြုံရေးမှာ အထူးလိုအပ်ပေသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ယာမြေဧက (၂၀၀) ကျော်ရှိပြီး၊ ပြောင်းနှင့် ပဲ အဓိကစိုက်ပျိုးကြသည်။ ပြောင်းဖူးအား ဆန်နှင့် ရော၍ချက်ပြုတ်ပြီးစားသုံးကြသည်။ မျောက်ငိုပင်အား အိမ်တိုင်း စိုက်ပျိုးကြပြီး၊ အိန္ဒိယသို့ တင်ပို့ရောင်းချကြသည်။

ဝင်ငွေရ စိုက်ပျိုးသီးနှံမှာ ဒေသအခေါ် မျောက်ငို ပင် ဖြစ်ပြီး နှစ်ရှည်အသီးပင်ဖြစ်သည်။ သက်တမ်း ၅– ၆ နှစ်တွင် စတင်အသီးသီးပြီး၊ စတင်အသီးသီးသော နှစ်တွင် ( ၇၀၀၀၀–၈၀၀၀၀) ကျပ်အထိ ဝင်ငွေရရှိကြသည်။ ပုံမှန် အသီးသီးလျှင် ( ၂၀၀၀၀၀–၃၀၀၀၀၀)ကျပ်အထိ ရရှိသည်ဟု သိရှိရသည်။ အိမ် ထောင်စုတိုင်းတွင် အနည်းဆုံး (၁–၂) ပင်မှ အများဆုံး (၁–၂) ဧက အထိ စိုက်ပျိုးထားရှိ ပြီး ဝင်ငွေ ရရှိမှုအားကောင်းသော သီးနှံ ဖြစ်သည်။ ပွဲစားများမှ လာရောက် ဝယ်ယူမှုများ ပြားလျက်ရှိပြီး၊ အိန္ဒိယဈေးကွက်သို့ အရှိန်အဟုန်မြင့်စွာထိုးဖောက်လျှက်ရှိပါသည်။ အလားအလာကောင်းသောသီးနှံတစ်ခုအဖြစ် ရပ်တည်လျှက်ရှိပါသည်။ မွေးမြူရေးနှင့်ပတ်သက်၍ စုံလင်စွာ မွေးမြူကြကြောင်းတွေ့ရှိရသည်။ နွားနောက်၊ကျွဲ၊ မြင်း၊ ဆိတ်နှင့် ဝက်များမွေးမြူကြသည်။ သို့သော် တစ်ပိုင်တစ်နိုင်သာမွေးမြူကြပြီး အခြားသို့ တင်ပို့ရောင်းချနိုင် ရန်မွေးမြူ မှုမရှိကြပေ။ သစ်ခွ၊ ဂဥ၊ လိပ်ပြာဥရှာဖွေခြင်းလုပ်ငန်းနှင့် တောထွက်ပစ္စည်းများကို ရာသီအလိုက်ရှာဖွေနိုင်ကြသည်။

နွားနောက်အား ချမ်းသာသောအိမ်ထောင်စုများမှ မွေးမြူကြပြီး၊ ဒေသဈေးကွက်အတွင်းသာ

ထုတ်လုပ်ရောင်းချကြသည်။ တန်ဖိုးမြှင့်တင်လုပ်ငန်းများပြုလုပ်နိုင်က ပိုမိုအဆင်ပြေနိုင်ပြီး၊ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည်။ နွားနောက်မွေးမြူရေးသည် ဒေသနှင့်ကိုက်ညီမှုရှိပြီး၊ စီးပွားဖြစ် မွေးမြူပြီး၊ အသားခြောက်ထုတ်လုပ်နိုင်က၊ ဒေသတွင်းစီးပွားရေး ပိုမိုကောင်းမွန်လာနိုင်စေပြီး၊ ဝင်ငွေတိုးရရှိလာစေမည်ဖြစ်သည်။ တိရစ္ဆာန်များလွတ်ကျောင်းနိုင်ရန် စားကျက်မြေများရှိပြီး၊ တိရစ္ဆာန်အစာလုံလောက်မှုရှိသည်။ စားကျက်မြေဧက (၂၀၀၀) ကျော်ရှိပြီး၊ စိုက်ပျိုးမြေနှင့် ကျွဲ နွား လွှတ် ကျောင်းရန် အသုံး ပြု နိုင် ပေသည်။

အိန္ဒိယနယ်စပ်လမ်းမပေါ်၌ ရွာတည်နေသဖြင့်၊ ကုန်ကားတစ်ချို့သွားလာနိုင်ပြီး၊ ကုန်ပစ္စည်းများသိုလှောင်ထားရန်ဂိုထောင်များ ငှားရမ်းလုပ်ကိုင်နိုင်သည်။ ရိဒ်ရေကန်သို့သွားရာလမ်းမပေါ်တွင်တည်ရှိသဖြင့်ပွင့်လင်းရာသီများတွင် ခရီးသွားအချို့ရှိပြီး၊ အရောင်းအဝယ်အနည်းငယ်ကောင်းမွန်မှုရှိသည်။ အထူးသဖြင့်စားသောက် ဆိုင်အချို့ဝင်ငွေပိုမိုရရှိနိုင်သည်။ ပြည်ပသို့သွားရောက်အလုပ်လုပ်နေသူအများအပြားရှိပြီး၊ ၎င်းတို့မှပြန်ပို့ငွေများသည် ကျေးရွာမိသားစုများအတွက် စီးပွားရေးအားလွန်စွာအထောက် အကူပြုကြသည်။

မူလတန်းကျောင်းနှင့်အထက်တန်းကျောင်းတစ်ခုတည်ရှိသဖြင့်ကလေးသူငယ်များပညာသင်ကြားရန်အလို့ငှာအဆင်ပြေမှုရှိကြသည်။ အခြားကျေးရွာများနှင့် နှိုင်းယှဉ်လျှင် (ချင်းပြည်နယ်ရှိ) ဆရာ၊ ဆရာမအသင့်အတင့်ရှိပြီး၊ ပညာသင်ကြားမှုတွင် ကလေးများစိတ်ဝင် စားမှုပိုများကြသည်။ အထက်တန်းကျောင်း ရှိသောကြောင့်အခြားကျေးရွာမှ ကျောင်းသားများ လာရောက်ပညာသင်ကြားလျှက်ရှိကြသဖြင့်ပညာရေးဖွံ့ ဖြိုးတိုးတက်မှုတွင် အထောက်အကူဖြစ်စေပေသည်။

ကျေးရွာလူထုသည် တယ်လီဖုန်း (၁၂၁)လုံး၊ ရေဒီယို (၃၁)လုံး၊ ရုပ်မြင်သံကြား (၈၁) လုံးတို့အားကောင်းမွန်စွာ အသုံးပြုနိုင်ကြပါသည်။ စီဒီအမ်အေ ၄၅၀-၈၀၀ စသောဖုန်းလိုင်းများ အသုံးပြုနိုင်ကြသည်။ နိုင်ငံခြားသို့လည်း ဖုန်း တိုက်ရိုက်ဆက်သွယ်ခေါ်ယူမှုများလည်းရှိပါသည်။ အိန္ဒိယဖုန်းလိုင်းမှာ ဆက်သွယ်ရေးကိရိယာတစ်ခုတပ်ဆင်ပြီး ပြည်ပနိုင်ငံများသို့ခေါ်ဆိုနိုင်ကြသည်။ ပြည်ပရောက် နေသာကျေးရွာသားများသည်မိမိမိသားစုဝင်များအား အချိန်မရွေးခေါ်ဆိုနိုင်ကြောင်းသိရသည်။ ကျေးရွာတွင်စာ ကြည့်တိုက်တစ်လုံးရှိသော်လည်း လိုအပ်သော စာအုပ်စာပေများအားလက်လှမ်းမှီမှုအားနည်းကြသည်။ ဆက်သွယ်ရေးနှင့်ပတ်သက်၍စာတိုက်တစ်ခုရှိပြီး၊ စာပို့နှင့်စာပေးစာယူလုပ်ငန်းများ လုပ်ကိုင်နိုင်ကြသည်။

### (ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

လယ်သီးနှံဖြစ်သောစပါးအားစိုက်ပျိုးခြင်းမပြုနိုင်သဖြင့် ကျေးရွာအတွင်းစားသုံးမှုအား ပြင်ပမှ ဝယ်ယူကြရသည်။ စပါးစိုက်ပျိုးနိုင်သော လယ်မြေအနည်းငယ်မျှသာ ရှိသောကြောင့်ဖြစ်သည်။ ပြောင်းဖူးမျိုးကောင်း မျိုးသန့်ရရှိနိုင်မှုမှာအခက်အခဲရှိပြီး၊ ဒေသမျိုးများကိုသာနှစ်စဉ် စိုက်ပျိုးထုတ်လုပ်နေကြသည်။ ထို့ကြောင့်ပိုးမွှားများအားထိရောက်စွာ မနှိမ်နင်းနိုင်ပေ။ တိရစ္ဆာန်ရောဂါနှင့်ပတ်သက်၍ မိုးရာသီတွင် နွားများ၌ ပေါင်ပုပ်၊ လက်ပုပ်ရောဂါဖြစ်ပွားတတ်သည်။ ကျွမ်းကျင်မှုနှင့်ဗဟုသုတရှိသူကျေးရွာတွင်အလွန်နည်းပါးပါသည်။ ရာသီအလိုက်ဝင်ငွေရရှိမှုအသင့်အတင့်ရှိ

သော်လည်းနှစ်လနှင့်သုံးလအကြားသာခံသည်။ တစ်ရွာလုံးနီးပါးထွက်ရှာကြသဖြင့်တောထွက် ပစ္စည်းများပြုန်းတီးမှုနှုန်းမြင့်မားသည်။ လွိုင်တွီးကျေးရွာသည် တီးတိန်မြို့နှင့် (၁၄) မိုင်၊ တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ဂျစ် ကားများသာသွားလာနိုင်ပြီး၊ မိုးရာသီတွင် မြေပြိုခြင်း၊ လမ်းပျက်ခြင်းများကြောင့် မော်တော် ဆိုင်ကယ်သာလျှင်သွားလာနိုင်ပါသည်။သို့သော်ဒေသခံရွာသားများ အ နေ ဖြင့် တစ်နှစ်ပတ်လုံးသွား လာနေကြပါသည်။

မွေးမြူရေးဆိုင်ရာကုသရေး နည်းစနစ်များနှင့်အခြားစီးပွားဖြစ် မွေးမြူမှုများအားနည်းမှု ရှိကြသည်။ မွေးမြူရေးဆိုင်ရာချေးငွေနှင့် ပတ်သက်၍ တာဝန်ယူထုတ်ချေး ပေးသောအဖွဲ့အစည်း များမရှိခြင်းကြောင့် တစ်ပိုင်တစ်နိုင်အနေဖြင့်သာ မွေးမြူကြသည်။ အချို့ဆင်းရဲသောအိမ်ထောင်စု များသည် မွေးမြူရေးလုပ ငန်းများတိုးချဲ့လုပ် ကိုင်လိုသော်လည်း အရင်းအနှီးမရရှိခြင်းများကြောင့် အဟန့်အတားများဖြစ်ကြရသည်။ နွားနောက်မွေးမြူရေးသည် ချင်းပြည်နယ်၏ အဓိကမွေးမြူရေး ဖြစ်သော်လည်း၊ နွားနောက်အားတန်ဖိုးမြှင့်တင်ထုတ်လုပ်မှုနှင့်ပတ်သက်၍နည်းပညာ အားနည်းမှုရှိ ကြောင်းသိရှိရသည်။ ဒေသတွင်းရှိဈေးကွက်အတွင်း၌သာ အရောင်းအဝယ်ရှိပြီး၊ ပြင်ပ ဈေးကွက် အတွင်းသို့ထိုးဖောက် ရောင်းဝယ်နိုင်ခြင်းမရှိပေ။ အသားခြောက်ပြုလုပ်ရောင်းချသည့် နည်းပညာ ပိုင်းတွင်လည်းအားနည်းမှုရှိ ပြီး၊ စွန့်ဦးတီထွင် သူများမရှိသေးပေ။

နယ်စပ်ကုန်သွယ်သောလမ်းဖြစ်သော်လည်း တောင်ပေါ်ဒေသဖြစ်၍သွားလာရ ခက်ခဲပေသည်။ မိုးရာသီတွင်သယ်ယူပို့ဆောင်မှုလွန်စွာ ခက်ခဲပြီး၊ ကုန်စည်ပို့ဆောင်မှုမှာ လွန်စွာကြွ ကြာတတ်ပေသည်။ ကျေးရွာတွင်းလမ်းမှာ ကားများစွာဖြတ်သန်းသွားလာကြသဖြင့် လမ်းများပျက်စီးနေသည်။ ထို့ကြောင့် ကတ္တရာလမ်းခင်း နိုင်ကတစ်နှစ်ပတ်လုံးကောင်းမွန်စွာအသုံး ပြုနိုင်ပေမည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့် တိုင်ပင်ပြီးကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများ ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေ တိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီးကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့် တိုင်ပင်ပြီးရည်မှန်းချက်ပန်းတိုင်(၃)ခုကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။ ၎င်းတို့မှာ-

(၁) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးမြင့်လုပ်ကိုင်ခြင်း ဖြင့်ဝင်ငွေတိုးလာနိုင်ရ မည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာမီးလင်းရေးနှင့်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့မှ တဆင့်လူနေမှုအဆင့် အတန်းနှင့်ကုန်ထုတ်လုပ်မှုများ မြင့်မားလာရမည်။

(၃) ကျေးရွာလူထုသည် သောက်သုံးရေအားတစ်နှစ်ပတ်လုံးလုံလောက်စွာရရှိလာ စေခြင်းဖြင့် လူနေမှုဘ ဝအဆင်ပြေသာယာမှုများရှိလာစေရမည်။

**(ခ)နည်းဗျူဟာ**

ကျွန်တော်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်များ ပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ကဏ္ဍများလက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးရေးအတွက်နည်းပညာ ရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့် တီးတိန်မြို့နယ်နှင့် ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန်လိုပါသည်။

(၁) စိုက်ပျိုး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အရေးကြီးပေသည်။ နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်းများကြောင့်၊ ဟင်းသီးဟင်းရွက်နှင့် အခြားစိုက်ပျိုးသီးနှံများမစိုက်ပျိုးနိုင်ပေ။ ထို့ကြောင့် လိုအပ်သောပိုက်လိုင်းများတပ်ဆင်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ အိမ်ခြံဝန်းဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းသင်တန်းများပေးခြင်းဖြင့် ဆင်းရဲသောအိမ်ထောင်စုများအတွက်အပိုဝင်ငွေရရှိလာနိုင်စေပြီး၊ စီးပွားရေးပိုမို အဆင် ပြေလာနိုင်စေမည်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်နှင့် နွားနောက်များ ဝင်ရောက်ဖျက်ဆီးခြင်းများကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရသည်။ ထို့ကြောင့် စားကျက်မြေသီးသန့်ထားရန်စီစဉ် ဆောင်ရွက်ခြင်း၊ စိုက်ခင်းကာကွယ်ခြင်းနှင့် ပတ်သက်၍ လိုအပ်သော လုပ်ထုံးလုပ်နည်းဥပဒေများ ပြဋ္ဌာန်းခြင်းဖြင့် တောရိုင်းတိရစ္ဆာန်ဖျက်စီးမှုဘေးမှုကာကွယ်နိုင်ပြီး၊ သီးနှံအထွက်တိုးလာ နိုင်စေမည်ဖြစ်သည်။

(၂) လယ်မဲ့ယာမဲ့နှင့်ဆင်းရဲသားလယ်သမားများအား ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ပြီး အပိုဝင်ငွေရရှိစေမည်။ ကျေးရွာ၏အိမ်ခြံဝင်းများသည်ကျယ်ဝန်းသဖြင့်တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်နိုင်သည်။ နွားနောက်မွေးမြူရေးသည်ချင်းပြည်နယ်၏အထင်ကရမွေးမြူရေးဖြစ်ပြီး၊ အသားခြောက်ပြုလုပ်ပြီး၊ အခြားဒေသများသို့ရောင်းချပါကဝင်ငွေပိုမိုရရှိနိုင်သည်။ သို့သော်အခြောက်လှမ်းရန်အခြောက်ခံစက်၊ အသားခြောက်ထုတ်လုပ်သောနည်းပညာနှင့်အခြားဈေးကွက်ချိတ်ဆက်မှုများလည်း စီမံဆောင်ရွက်သင့်ပါသည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းရပ်များဖန်တီးပေးခြင်း၊ ယက်ကန်းစင်လုပ်ငန်းများတည်ထောင်ပေးခြင်းနှင့် ကျောက်ဖြတ်စက်

လုပ်ငန်းများတည်ထောင်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများအတွက်ဝင်ငွေရ လုပ်ငန်းများဖန်တီးပေးနိုင်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေး အတွက်လွန်စွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။ လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျွမ်းကျင်မှုများဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများစီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များစွန့်ထွင်လုပ်ကိုင်ရေး၊ တစ်နိုင်တပိုင်ကျေးလက်ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာပြီး အနီးအနားတဝိုက်ဈေးများတွင် ထုတ်ကုန်များ ရောင်းချရေးတို့ကိုလုပ်ရပါမည်။

(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် ချေးငွေများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန်ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းများလိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့် ဘဏ်နှင့်ငွေချေးယူမည့်ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှဘဏ်သို့ အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်း မှတ်ရာများပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ထားရပါမည်။ သို့မှသာငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်များနှင့်ချိတ်ဆက်မိပြီးကျေးရွာငွေစု ငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေပိုအားကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက်မှလည်း ဘဏ်နှင့်ငွေကြေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှဆွေးနွေးညှိ နှိုင်းတောင်းဆိုမှုများလုပ်ရန်လိုအပ်သည်။ သို့မှသာကျေးလက်ဒေသနေပြည်သူများထံသို့ငွေကြေးဝန် ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(၄) လူမှုစီးပွါး တိုးတက်ရေး အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကောင်း ဖန်တီးပေးခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးပေသည်။ ကျေးရွာလမ်းတံတားများ ဆောက်လုပ်ပြုပြင်ထိန်းသိမ်းခြင်း၊ ကျောက်သားလမ်းများခင်းခြင်း၊ ရေထုတ်ပြွန်များတပ်ဆင်ပေးခြင်း၊ ရေထိန်းနံရံများတည်ဆောက်ပေးခြင်း၊ သောက်သုံးရေလုံလောက်စွာရရှိလာနိုင်စေရေး၊ ကျေးရွာလျှပ်စစ်မီး ပြည့်ဝစွာ ရရှိနိုင်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကောင်းများ ဖန်တီးလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာပြည်နယ်အစိုးရ၊ မြို့နယ် အဆင့်သက်ဆိုင်ရာအစိုးရဌာနများ၊ ပြင်ပနိုင်ငံတကာအလှူရှင်များနှင့် အခြားအလှူရှင်များ၏ကူညီမှုများဖြင့် ဒေသအဆင့်၊ ကျေးရွာအဆင့်ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်မြင့်လုပ်ဆောင်သင့်ပေသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်း;ပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည် ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလ အတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

### (ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့်ပတ်သက်သောနည်းပညာ၊ သင်တန်းနှင့် လိုအပ်သော အကူအညီများပေးသင့်ပါသည်။ စိုက်ပျိုးရေးစက်ကိရိယာနှင့်ပတ်သက်၍ သုံးစွဲမှုမရှိသလောက်ရှားပါးပြီး၊ လူအင်အား ကိုသာအဓိက အားထားကြသည်။ ရေသွင်းစပါး စိုက်ပျိုးရန်ရေ အရင်းအမြစ်ရှိပြီး သွယ်တန်း ပြုလုပ်ရန် ရေပိုက်လိုင်းများလိုအပ် လျှက်ရှိပါသည်။ စိမ့်ချောင်းရေမှရေအရင်းအမြစ် ရရှိရန်အခွင့်အရေးရှိသော်လည်း၊ သွယ်တန်းရန်အရင်းအနှီးမတတ်နိုင်ခြင်းမှာ အဓိကအဟန့် အတားတစ်ခုဖြစ်နေပါသည်။ စိုက်ပျိုးရေ အလုံအလောက်ရရှိနိုင်ပါက စပါးတိုးချဲ့ စိုက်ပျိုးနိုင်ပြီး၊ ဝမ်းစာအတွက် အတိုင်းအတာတစ်ခုအထိ ဖူလုံလာနိုင်သည်။ သက်ဆိုင်ရာအစိုးရဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းအကူအညီများ၊ အခြားအလှူရှင်များ၏အကူအညီကို ရရှိပါ က ရေပိုက်လိုင်းသွယ်တန်းမှာအား လျှင်မြန်စွာအကောင်အထည်ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ငွေကြေးဆိုင်ရာ ဘဏ်လုပ်ငန်း နှင့်ပတ်သက်၍ လွိုင်တူးကျေးရွာ သည်လက်လှမ်းမှီမှုအလွန်ခက်ခဲသောနေရာတွင်တည်ရှိပါသည်။ မြို့နယ်အဆင့်မှာ ပင် ပုဂလိဘဏ် တစ်ခုမျှမရှိ ပေ။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသောအဖွဲ့မှာ လည်း မြန်မာ့စိုက်ပျိုးရေး ဘဏ်၊ သမဝါယမဘဏ်နှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့တစ်ဖွဲ့သာရှိပြီး၊ လုံလောက်ချေးငွေပမာဏအား ထုတ်ချေးနိုင်ခြင်းမရှိပေ။ ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်

နိုင်ငံတော်အစိုးရနှင့်ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ် လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင် ပညာရှင် တစ်ချို့နှင့်တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီး ပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာ လုပ်ငန်းအလိုက်ဘဏ်လုပ်ငန်းဆိုင်ရာငွေကြေးဝန် ဆောင်မှုပေးသောအဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရန်လုပ်ဆောင်သင့်ပါသည်။ ဈေးကွက်ဆိုင်ရာသတင်းအချက် အလက်များအား လည်းကျေးရွာများလက်လှမ်းမှီစွာရရှိရန် လုပ်ဆောင် ပေးသင့်ပါသည်။

### (င) လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား လွန်စွာအ ထောက်အကူဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် ကုန်စည်စီးဆင်းမှုအား နှောင့်နှေးစေပြီး၊ အမြတ်ရရှိမှုအားလျော့နည်းစေပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့် အညီ မိုးရာသီတွင် သွားလာရခက်ခဲမှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ အားထိခိုက်မှုရှိစေပါသည်။ ထို့ကြောင့်ကျေးရွာတွင်းလမ်းအား သက်ဆိုင်ရာကျေးလက်ဦးစီးဌာနမှ တာဝန်ယူ၍ဆောင်ရွက်လုပ်ကိုင်စေလိုပါသည်။ ယခုနှစ်၂၀၁၅ခုနှစ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ လမ်းပျက်ခြင်းနှင့်တံတားကျိုးခြင်းများ နေရာအနှံ့အပြားဖြစ်ပွားခဲ့မှုကြောင့် လမ်း ပန်းဆက်သွယ်ရေးများပြတ်တောက်ခဲ့ရပါသည်။ နယ်စပ်ကုန်သွယ်လမ်းမဖြစ်သောကြောင့် ကုန်ကားများနှင့် အခြားခရီးသွားဧည့်သည်များ ဖြတ်သွားလေ့ရှိကြသည်။ သို့သော်မိုးရာသီတွင် ရွှံ့ထခြင်းနှင့်နွေရာသီတွင် ဖုန်ထခြင်းများကြောင့် သွားလာရခက်ခဲမှုရှိပြီး၊ သယ်ယူပို့ဆောင်ရေးတွင် အဟန့်အတားအများအပြားရှိကြသည်။ ထို့ကြောင့်ကျောက်ချောလမ်းခင်းပေးခြင်း၊ ရေထုတ်မြောင်း များဖောက်လုပ်ခြင်းနှင့် ရေထိန်းနံရံများတည်ဆောက်ပေးခြင်းဖြင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး၊ ကုန်စည်စီးဆင်းမှုများပိုမိုလျှင်မြန်လာနိုင်မည်ဖြစ်သည်။

### (စ) ကျေးရွာမီးလင်းရေး

ကျေးရွာပိုင်အသေးစားရေအားလျှပ်စစ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မျောပါပျက် ဆီးခဲ့သည်။ ကျေးရွာလူထုမှရွာပိုင်ရန်ပုံငွေဖြင့် ပြန်လည်ထူထောင်ရန် အားစိုက်ထုတ်မှုမပြုနိုင်သေး ပေ။ ပျက်ဆီးဆုံးရှုံးမှုနှင့်ပတ်သက်၍ထွေအုပ်ဦးစီးဌာနသို့အစီရင်ခံစာတင်ပြထားပြီးဖြစ်သော်လည်း၊ နေရာအနှံ့ပျက်ဆီးမှုများပြားသောကြောင့် အစိုးရဌာနများမှကူညီဆောင်ရွက်ခြင်းမပြုနိုင်သေးပေ။ ထို့ကြောင့်နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရမှ ကျေးရွာလျှပ်စစ်မီးရရှိစေရန်ကူညီ ဆောင်ရွက် ပေး ခြင်းဖြင့်ကျေးရွာမီးလင်းလာနိုင်စေပြီး၊လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ - ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

**(ခ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

**ဦးစားပေးစီမံချက်များ**

လွိုင်တွီးကျေးရွာ၏ဦးစားပေးစီမံချက်များကိုကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယား တွင် ဖော်ပြထားပါသည်။

**လွိုင်တွီးကျေးရွာ၏ဦးစားပေးစီမံချက်အဆင့်ရွေးချယ်သတ်မှတ်ခြင်း။**

| ကဏ္ဍ | ○ စီမံချက် | ရမှတ်ပေါင်း | အဆင့် | အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ |
|---|---|---|---|---|
| **စီမံအုပ်ချုပ် ရေး** | ❖ စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။ | ၈၉ | ၈ | ❖ ခေါင်းဆောင်မှုသင်တန်းများပေးခြင်း။<br>❖ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းများပေးခြင်း။ |
| **စိုက်ပျိုးရေး။** | ❖ သီးနှံအထွက်တိုးရေးနှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများရရှိနိုင်ရေး။ | ၁၀၂ | ၅ | ❖ စိုက်ပျိုးရေသွယ်ယူရေးပြုလုပ်ခြင်း<br>❖ ရေလှောက်ကန်များဆောက်လုပ်ခြင်း<br>❖ သစ်တောပြုန်း တီးမှုကာကွယ်ရန် သစ်ပင်စိုက်ပျိုးခြင်း။<br>❖ စိုက်ပျိုးရေးဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း။<br>❖ (အဆင့်မြင့်တောင်ယာစိုက်ပျိုးရေးနည်းစနစ်များ၊ ဝင်ငွေရသီးနှံစိုက်ပျိုးထုတ် လုပ်နည်းများ- ဥပမာ နဂါးမောက်သီး)<br>❖ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးသင်တန်းများဖန်တီးပေးခြင်း။<br>❖ မျိုးစေ့ထုတ်လုပ်သည့်ခြံများသို့သွားရောက်လေ့လာခြင်းစိုက်ပျိုး ထုတ်လုပ်ခြင်း။(ပြောင်းဖူး) |
| **မွေးမြူရေး** | ❖ မွေးမြူရေးဆိုင်ရာနည်းပညာနှင့်ဈေးကွက်များလက်လှမ်းမီရေး။ | ၉၇ | ၇ | ❖ မွေးမြူရေးနှင့်ကုသရေးသင်တန်းများပေးခြင်း<br>❖ မွေးမြူရေးဆိုင်ရာဈေးကွက်များရရှိအောင်လုပ်ဆောင်ခြင်း |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော** | ❖ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှပုံမှန်ဝင်ငွေရအလုပ်အကိုင် | ၁၁၄ | ၄ | ❖ အသက်မွေးဗမ်းကြောင်းဆိုင်ရာသင်တန်းများပြုလုပ်ခြင်း။<br>❖ ဥပမာ။ ။စက်ပြင်၊ ကွန်ပြူတာ၊ မုန့်ပြုလုပ်ခြင်း။ |

| ကဏ္ဍ | ○ စီမံချက် | ရမှတ်ပေါင်း | အဆင့် | အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ |
|---|---|---|---|---|
| ဝင်ငွေရလုပ်ငန်း | များရရှိလာနိုင်ရေး။ | | | ❖ အသေးစားစီးပွားရေးအတွက်ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့ များ နှင့်ချိတ်ဆက် ခြင်း။ |
| လျှပ်စစ်မီး | ❖ ရွာ လုံးကျွတ်မီးလင်းရေး | ၁၄၅ | ၁ | ❖ ကျေးရွာရေအားလျှပ်စစ်(150KW)ပြုလုပ်ခြင်း<br>❖ ရေသွယ်ပိုက်လိုင်းများပြင်ဆင်တပ်ဆင်ခြင်း။ |
| ပညာရေး | ❖ ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး | ၁၀၁ | ၆ | ❖ စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း။<br>❖ ဆရာဆရာမအလုံအလောက်တောင်းခံခြင်း<br>❖ ကျောင်းသုံးပရိဘောဂများရရှိရန်ဆောင်ရွက်ခြင်း |
| လမ်းပမ်းဆက်သွယ်ရေး | ❖ ကုန်စည်စီးဆင်းမှုလမ်းအဆင့်မြင့်ပြု ပြင်ဖောက်လုပ်ရေး။ | ၁၁၇ | ၃ | ❖ ကျေးရွာတွင်းကတ္တရာလမ်းခင်းခြင်း |
| သောက်သုံးရေ | ❖ သောက်သုံးရေလုံလောက်စွာဖြန့်ဝေနိုင်ရေး။ | ၁၁၈ | ၂ | ❖ သောက်သုံးရေပိုက်လိုင်းတည်ဆောက်ခြင်း။<br>❖ ရေလှောင်ကန်များမှတစ်ဆင့်ဖြန့်ဝေပေးခြင်း။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (ဂ) အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံချက်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ရေးဆွဲ ထားပါသည်။ ကျေး ရွာဖွံ့ဖြိုး ရေးစီမံချက်ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**စီမံချက်အကောင်အထည်ဖော်မည့်အချိန်ကာလ**

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ပထမနှစ် | ဒုတိယနှစ် | တတိယ နှစ် | စတုတ္ထနှစ် | ပဥ္စမနှစ် |
|---|---|---|---|---|---|---|---|
| ၁ | လူနေမှုဘဝမြှင့်တင်လာနိုင်ရန် ရွာ လုံးကျွတ်မီးလင်းရေး | ၁ | √ | √ | √ | | |
| ၂ | သောက်သုံးရေလုံလောက်စွာ ဖြန့် ဝေနိုင်ရေး။ | ၂ | √ | √ | √ | | |
| ၃ | ကုန်စည်စီးဆင်းမှုလမ်းအဆင့် မြင့် ပြု ပြင်ဖောက်လုပ်ရေး။ | ၃ | √ | √ | √ | | |
| ၄ | အသက်မွေးဝမ်းကျောင်းလုပ်ငန် များမှပုံမှန်ဝင်ငွေရအလုပ်အကိုင် များရရှိလာနိုင်ရေး။ | ၄ | | √ | √ | | |
| ၅ | သီးနှံအထွက်တိုးရေးနှင့်ဆိုင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ များရရှိ နိုင်ရေး။ | ၅ | √ | √ | √ | | |
| ၆ | ကလေးငယ်များအတွက်ပျော် ရွှင် အေးချမ်းသောပညာရေး ပတ်ဝန်း ကျင်တစ်ခုတည် ဆောက်ရေး | ၆ | | √ | √ | | |
| ၇ | မွေးမြူရေးဆိုင်ရာနည်းပညာ နှင့်ချေးငွေများလက်လှမ်းမှီရေး | ၇ | | √ | √ | √ | √ |
| ၈ | စီမံခန့်ခွဲမှုဆိုင်ရာသဘောတရား များနားလည်လာနိုင်ရေး | ၈ | √ | √ | √ | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။

ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည်ဖြစ်သည်။အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

### စီမံချက် ဘတ်ဂျက်

| စဉ် | စီမံချက် | ရံပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းရည်မြှင့်တင်ခြင်း | ရင်းနှီးမြှုပ်နှံခြင်း | စီးပွါးရေး ရင်းနှီးမြှုပ်နှံမှု | အရေးပေါ်အထောက်အပံ့ |
| ၁ | လူနေမှုဘဝမြှင့်တင်လာနိုင်ရန်ရွာလုံးကျွတ်မီးလင်းရေး | | | √ | | |

| စဉ် | စီမံချက် | ရုံပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းရည်မြှင့်တင်ခြင်း | ရင်းနှီးမြှုပ်နှံခြင်း | စီးပွါးရေးရင်းနှီးမြှုပ်နှံမှု | အရေးပေါ်အထောက်အပံ့ |
| ၂ | သောက်သုံးရေလုံလောက်စွာဖြန့်ဝေနိုင်ရေး။ | | | √ | | |
| ၃ | ကုန်စည်စီးဆင်းမှုလမ်းအဆင့်မြှင့်ပြု ပြင်ဖောက်လုပ်ရေး။ | | | √ | | |
| ၄ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှပုံမှန်ဝင်ငွေရအလုပ်အကိုင်များရရှိလာနိုင်ရေး။ | | | √ | | |
| ၅ | သီးနှံအထွက်တိုးရေးနှင့်ဆိုင်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများရရှိနိုင်ရေး။ | | | √ | | |
| ၆ | ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး | | | √ | | |
| ၇ | မွေးမြူရေးဆိုင်ရာနည်းပညာနှင့်ချေးငွေများလက်လှမ်းမှီရေး။ | | √ | √ | | |
| ၈ | စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။ | | | √ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန် ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ် ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင် သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာ ရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက် မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေး ထားသောကော်မတီကို ဦးဆောင်၍ မြို့ နယ် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင် ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော် လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အ လမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း% | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၃၈ | ၃၈ | ၇၆ | ၁.၇၄% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၁၁ | ၂၁၂ | ၄၂၃ | ၉.၇၁% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၆၇ | ၂၅၈ | ၅၂၅ | ၁၂.၀၅% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၅၃ | ၃၀၅ | ၅၅၈ | ၁၂.၈၁ % | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၂၃၉ | ၁၃၃၀ | ၂၅၆၉ | ၅၉% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အ ထက် | ၈၃ | ၁၂၀ | ၂၀၃ | ၄.၇% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၂၀၉၁** | **၂၂၆၃** | **၄၃၅၄** | **၁၀၀%** | |
| **အိမ်ထောင်စုပေါင်း= ( ၇၁၅) အိမ်** | | | **ပျမ်းမျှတစ်အိမ်ထောင်စု ( ၆ ) အိမ်ထောင်စု** | | |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

မှတ်ချက်။ ။ကျေးရွာတွင်မိသားစု(၇၁၅)ရှိပြီး လူဦးရေစုစုပေါင်း(၄၃၅၄)ဦးရှိပါသည်။ ပျမ်းမျှ မိသားစုတစ်စုလျှင် (၆)ဦးနှုန်း နေထိုင်ကြပါသည်။ အသက်(၁၅နှစ်မှ၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏၆၃% ရှိပြီး လူဦးရေစုစုပေါင်း၏ ၃၇%သည် မှီခိုသူများ ဖြစ်ကြသည်။

### (၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ် ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၆၉ | ၉၃.၅ ၇% | | တောင်ယာလုပ်ငန်း(တောင်ယာ နှင့်ပြောင်းဖူးအဓိကစိုက်ပျိုးကြ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | သည်) |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | | | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | (၁၄)အိမ်ထောင်စုက နွား ကောင်ရေ(၄၀) ပိုင်ဆိုင်ကြသည်။ (၂၉) အိမ်ထောင်စုက မြင်းကောင်ရေ (၄၆) ပိုင်ဆိုင်ကြသည်။(၁၆) အိမ်ထောင်စုကကျွဲကောင်ရေ (၃၀) ပိုင်ဆိုင်ကြသည်။ (၅၀၃) အိမ်ထောင်စုက ကြက်ကောင်ရေ (၂၄၉၃)ကောင်ပိုင်ဆိုင်ကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | | | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | | | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၄ | ***သစ်တောထွက်ပစ္စည်း ဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | | | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | | | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁.၅၄ % | | လက်သမား၊ပန်းရံလုပ် ကြ သည်။ အသင့်အတင့်အဆင်ပြေ သည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၂.၉၄ % | | ကုန်စုံဆိုင်၊အိမ်ဆိုင်၊လက်လီအရောင်းဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | ၂ | ထမင်းဆိုင်၂-ဆိုင်နယ်စပ် လမ်းမပေါ်တွင်ရှိသဖြင့်တွက် ခြေကိုက်ပါသည်။ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | မိသားစုဝင် လုပ်အား | | | | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | ၁.၂၅ % | | ပညာရေး၊ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊စိုက်ပျိုးေ ေးဌာနများတွင်လုပ်ကိုင်ကြသ ည်။(မည်သည့်ဌာနများ တွင် လုပ်သည်ကိုမေးမြန်း ခြင်း မပြု ခဲ့ပေ) |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၆ | ***ပညာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၇ | ***ကျန်းမာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၉ | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၀.၇% | | ကူလီထမ်းခြင်းပြုလုပ်ကြ သည်။ (အဆင်ပြေမှုနည်း) |
| | မိသားစုဝင် လုပ်အား | | | | |
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေ ပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄.၀၀ | ကောင်း | – | ချောင်းရေ(၄.၀၀)ဧက |
| ယာ | ၂၁၁.၂၄ | သင့် | – | – |
| ဥယျာဉ် | ၁၄.၀၀ | သင့် | – | – |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေ ပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | ၁၀.၀၀ | သင့် | – | စိမ့်စမ်း ရေ၊ သောက် သုံးရေ (၁၀ဧက) |
| ရွှေ့ပြောင်း တောင်ယာ | – | – | – | – |
| ကိုင်း/ကျွန်းမြေ | – | – | – | – |
| စားကျက်မြေ | ၂၃၅၀ | သင့် | – | စိမ့်စမ်းရေ၊ချောင်းရေ |
| ပလပ်မြေ | ၁၇၅၀ | သင့် | – | – |
| ဖုန်းဆိုးမြေ | – | | | |
| အခြားသစ်တောမြေ | ၁၁၀၀ | သင့် | – | – |
| အခြား | | | | |
| **စုစုပေါင်း** | | | | |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ အမျိုး အစားဖြစ်သည်။

**(၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

**ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု(များ/သင့်/နည်း/ မရှိ) | လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | – | – |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ) | သင့် | ခက် |

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၁.၄) ဉစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဉစ္စာဓနအဆင့်အနေအထား

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃-၅ဧကအထက် | ၁-၂ဧကအထိ | ၁ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုးတိုက်၊ သွပ်မိုးပျဉ်ထောင်အိမ်ကြီး | သွပ်မိုးပျဉ်ထောင်အိမ် | သွပ်မိုးပျဉ်ထောင်အိမ်ဟောင်း | သက်ကယ်မိုးအိမ် |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | ပုဆိန်၊ပေါက်ပြား၊ ဓားမ၊ပေါက်တူး၊ တူးရွင်း | သစ်ဆွဲလွှ၊ပုဆိန်၊ ဓားမ | ပုဆိန်၊ဓားမ | ပုဆိန်၊ဓားမ |
| စီးပွားရေးလုပ်ငန်း | ကုန်စုံဆိုင်၊စားသောက်ဆိုင်၊ကုန်သည်၊ | ဈေးဆိုင်၊ဝန်ထမ်း၊ တောင်ယာ | တောင်ယာ၊ ကျပန်း | တောင်ယာ၊ ကျပန်း |
| အခြားပိုင်ဆိုင်မှု | ကား၊ဖုန်း၊တီဗွီ၊ဆိုလာကြီး | ဖုန်း၊တဗွီ၊ဆိုလာလတ် | တီဗွီသေး၊ ဆိုလာ သေး | – |
| **အိမ်(၇၁၅) ၁၀၀%** | **၃၅ (၄.၉%)** | **၃၂၄ (၄၅.၃%)** | **၂၉၁ (၄၀.၇%)** | **၆၅ (၉.၁%)** |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၄ | ၈၀% | ဝယ်ယူခြင်း၊ချေးငှားခြင်းဖြင့်ဖြေရှင်းသည်၊ ပြောင်းဖူးကိုပြောင်းလဲ၍စားသုံးခြင်း၊ချေးယူ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃လနှင့်၅ လအထိ | ၄ | ၁၃% | ခြင်းနှင့်အကြွေးယူခြင်းဖြင့်ဖြေ ရှင်းကြသည်။ ဝယ်ယူခြင်း၊ချေးငှားခြင်းဖြင့်ဖြေရှင်းသည်၊ ပြောင်းဖူးကိုပြောင်းလဲ၍စားသုံးခြင်း၊ချေးယူ ခြင်းနှင့်အကြွေးယူခြင်းဖြင့်ဖြေ ရှင်းကြသည်။ |
| ၆လမှ ၁၂ လအထိ | ၂ | ၇% | တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံခြင်းမရှိကြပေ။အ များအားဖြင့်(၆)လအထိသာချေးငှားခြင်းမပြု ကြဘဲ၊ကျန်လများတွင်ပြောင်းဖူးကိုပြောင်း လဲ၍စားသုံးခြင်း၊ချေးယူခြင်းနှင့်အကြွေးယူ ခြင်းဖြင့်ဖြေ ရှင်းကြသည်။ |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၁၅ | ၃၀ | ၄၅ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | – | ၅ | ၅ |
| | | **အိမ်ထောင်စုအရေ အတွက်** | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၂၈ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၁၃ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၁၀၀ | | |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၁.၅.၃) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | တစ်နှစ်မှာခြောက်လသာဖူလုံသည်။ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | | ဘိုးဘွားပိုင်မြေများတွင် မြေယာမဲ့များ စိုက်ပျိုးမြေတိုးချဲ့ရန်ခက်ခဲမှုရှိသည်။ စိုက်ပျိုးရန်မြေ ရှိ၊ရေရှားပါးသည်။ |
| ၃ | ရေကြီးခြင်း | – | |
| ၄ | မိုးခေါင်ခြင်း | – | |
| ၅ | မုန်တိုင်း | – | |
| ၆ | ငလျင် | – | |
| ၇ | မီးဘေး | နိမ့် | တောမီးကိုနှစ်စဉ်သတိထားနေရသည်။ |
| ၈ | ဆားငံရေဝင်မြေ | – | |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ၂၀၁၅အတွင်း မြေပြိုပြီးအိမ်၃လုံးပါးသွားသည်။( မြေပြိုသောကြောင့်ဖြစ်သည်) |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မြင့် | ထမင်းဟင်းချက်ရန်ထင်းခုတ်ယူမှု များပြားသည်။ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ကလေးသူငယ်များမှာသာကျရောက်သည် |
| ၁၂ | တီဘီရောဂါ | နိမ့် | ကလေး၊သက်ကြီးရွယ်အိုများမှာအဖြစ်များ သည်။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | သင့် | နယ်စပ်လမ်းမပေါ်တည်ရှိသဖြင့်ရောဂါဖြစ်မှုအသင့်အတင့်ရှိသည်။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | မရှိ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | လတ် | အိန္ဒိယနယ်စပ်လမ်းမပေါ်တည်ရှိသော်လည်းလမ်းခရီးမှာ ခက်ခဲသည်။ |

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အလုပ်အကိုင်အခွင့်အလမ်းရှားပါး၊ ပညာအရည်အချင်းနိမ့်ပါး၍အလုပ်အကိုင်ကောင်းကောင်းမရရှိ။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | ဝမ်းစာမဖူးလုံ၊အလုပ်မနိုင်၊ ကျန်းမာရေးစောင့်ရှောက်မှုေကာင်းကောင်းမရ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ဝမ်းစာမဖူလုံ၊အခြားအစားအစာပြောင်းလဲ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်<br>သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြော သောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | – | မရှိ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | လတ် | မြေပြိုသည့်အန္တရာယ်ရှိ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | မြေပြိုကျ၍ အိမ်ပျက်စီးမှု ရှိနိုင်သည်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | – | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာ | – | |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | တိုက်ခိုက်မှု မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | – | |
| ၁၅ | ဆေးစွဲသူများ | – | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | ပြည်ပသို့သွားရောက်လုပ်ကိုင်သူများရှိ၍ကူးစက်ရောဂါများ ဖြစ်နိုင်ခြေရှိ။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | – | |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | အိန္ဒိယမှာသွားရောက်လုပ်ကိုင်ကြသောရွှေ့ပြောင်း လုပ်သား တချို့ကလုပ်ခမရတာရှိတတ်သည်။ |
| ၁၉ | ကားသမား | မြင့် | လမ်းဆိုးသည်၊ အန္တရယ် မြင့်မားသည်။ |
| ၂၀ | အခြား | | |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## ၂။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေများ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | LSK Laitui Siamsim Kipawlna | ၂ | ၅ | ၄ | ၉ | တက္ကသိုလ်ကျောင်းသားများအရေး | ၄ | ၇ |
| ၂ | LCF Laitui Christian Fellowship | ၃ | ၁၃ | – | ၁၃ | ဘာသာရေးဆိုင်ရာမိတ်သဟာယပြုမှု | ၄ | ၇ |
| ၃ | Laitui Youth Fellowship | ၂ | ၅ | – | ၅ | လူငယ်မိတ်သဟာယပြုမှု၊ရပ်ရေးရွာရေး | ၄ | ၈ |
| ၄ | Lungtuak ကိုယ်ထူကိုယ်ထရေအားလျှပ်စစ် | ၂ | ၃၀ | – | ၃၀ | ကိုယ်ထူကိုယ်ထရေအားလျှပ်စစ် | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၅ | မွေးမြူရေးအဖွဲ့ | ၂ | ၂၀ | – | ၂၀ | စားကျက်မြေမှာထိန်းကျောင်းခြင်း | ၄ | ၇ |
| ၆ | လမ်းကော်မတီ | ၂ | ၇ | – | ၇ | ကားလမ်းကောင်းမွန်ရေးနှင့်လုပ်အားပေးနိုးဆော်ခြင်း | ၄ | ၇ |
| ၇ | မိဘဆရာအသင်း | ၂ | ၁၅ | ၁၂ | ၂၇ | ကျောင်း ကိစ္စအဖျာ ဖျာ | ၄ | ၇ |
| ၈ | ရပ်မိရပ်ဖကော်မတီ | ၂ | ၁၇ | ၁၇ | – | ရပ်ရေးရွာရေးအားလုံး | ၄ | ၇ |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

**မှတ်ချက်။** အဖွဲ့အစည်းများတွင်အမျိုးသမီးများပါဝင်မှုနည်းပါးည်ကိုတွေ့ရသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

**(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

**ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုး အစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | MCC-Anti Malaria | ၁ | ငှက်ဖျားရောဂါအသိပညာပေး၊ ကုသခြင်း၊ကာကွယ်ခြင်း |
| ၂ | CORAD Chokhlei Organization for Rural Agricultural Development (GRET) | ၂ | ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းများအတွက်နည်းပညာကူညီပံ့ပိုးပေးခြင်း။ဝမ်းစာဖူလုံရေး နှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး။ |
| ၃ | MFI-Chin Micro Finance Institution (GRET) | ၂ | အသေးစားချေးငွေလုပ်ငန်း |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ( ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## (၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

### (၂.၂.၁) စိုက်ပျိုးရေးသီးနှံ

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

**ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၅၄ | ၂၁.၅၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၅၃၃ | ၇၄.၅၅% | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၈ | ၃.၉၁% | တောင်သူငယ် |
| ၄ | ၅ ဧကမှ-၁၂.၅ ဧကကြား (၂-၅ ဟတ်တာထိ) | – | – | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧကအထက် (၅ ဟတ် တာနှင့် အထက်) | – | – | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၇၁၅ | ၁၀၀ % | |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃- ၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

**ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | – | – | – |
| ၂ | ရေလွှဲဆည် | – | – | – |
| ၃ | မြစ်ရေတင်စီမံကိန်း | – | – | – |
| ၄ | ဆည်မြောင်း | – | – | – |
| ၅ | အဝီစိတွင်း | – | – | – |
| ၆ | လက်ငင် ရေတွင်း | – | – | – |
| ၇ | စိမ့်စမ်းရေ | **ပုဂ္ဂလိက** | ၄.၀၀ဧက | ရာသီအလိုက် |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | သီးနှံ စိုက်ပျိုး | သွင်းအား စုလိုအပ် | အမြတ် ရရှိနိုင်မှု | မှတ်ချက် |
|---|---|---|---|---|---|---|---|

| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သည့်ကာလ | ချက် (နိမ့်/လတ်/မြင့်) | (နိမ့်/လတ်/မြင့်) | |
|---|---|---|---|---|---|---|---|---|---|
| စပါး | ၄ | တင်း | ၄၀ | ၅၀ | ၄၅ | ဇူလိုင်-နိုဝင်ဘာ | နိမ့် | နိမ့် | – |
| ပြောင်းဖူး | ၁၅၀ | တင်း | ၅ | ၁၀ | ၇.၅ | မတ်-စက်ဇလ | မြင့် | နိမ့် | မြေဆီမကောင်း |
| ပဲ | ၅၀ | တင်း | ၁ | ၂ | ၁.၅ | မတ်–နိုဝင်ဇလ | လတ် | နိမ့် | မြေဆီမကောင်း |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

| စက်အမျိုးအစား | အိမ်ထောင်စုအရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | – | – | – |
| ရိတ်သိမ်းစက် | – | – | – |
| လက်တွန်းထွန်စက် | – | – | – |
| ခြွေလှေ့စက် | – | – | – |
| ရေစုပ်စက် | – | – | – |
| ခြေနင်းရေတင်စက် | – | – | – |
| မျိုးစေ့ချစက် | – | – | |
| မြက်ရိတ်စက် | ၂ | – | |

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေ ကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေ ကောင်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | စိုက်ပျိုးရေးအတွက်မြေအသင့်အတင့်ကောင်းမွန်၊ ဓါတ်မြေသြဇာသုံးစွဲမှု သိပ်မလိုအပ်။ |
| ရေအရင်းအမြစ် | ရှိ | စိမ့်စမ်းရေ၊ ချောင်းရေ ကိုအသုံး ပြုကြသည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | မရှိ | အသုံးပြုမှုနည်းကြသည်။ |
| သြဂဲနစ်ပိုးသတ်ဆေး | ရှိ | ဝက်ချေးမှ ရရှိသောမြေသြဇာအား ဟင်းသီးဟင်းရွက်စိုက်ခင်းတွင် ပြန်လည်အသုံးပြုမှု |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | အနည်း ငယ်ရှိသည်။ |
| ချေးငွေရရှိမှု | ရှိ | စိုက်ဘဏ်ကသာအဓိကထောက်ပံ့ပေးသည်။ |
| သွင်းအားစုဈေးကွက် | မရှိ | စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်မရှိ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | စိုက်ပျိုးရေးနည်းပညာရှင်များကွင်းဆင်းမှုမရှိခြင်း၊ ဆေးကုမ္ပဏီများမရှိခြင်းနှင့်အခြား နည်းပညာဝန်ဆောင်မှုများလက်လှမ်းမှီမှု မရှိခြင်းကြောင့်ဖြစ်သည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | အိန္ဒိယနှင့်နယ်စပ်ကုန်သွယ်မှုဖြတ်သွား သောကျေး ရွာဖြစ်၍ ကုန်တင်ကုန်ချပြုလုပ် နိုင် သောကျေးရွာ ဖြစ်သည်။ |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

**ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | မြေယာများထပ်မံ တိုး ချဲ့ ရန် ခက်ခဲ ခြင်း၊ ထပ်မံတိုး ချဲ့ရန် ခက်ခဲ၊ စိုက်ပျိုးရန် မြေမကောင်း ခြင်း |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | ချေးငွေအကန့်အသတ်ရှိခြင်း၊ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | ဝယ်ရခက်၊ အလှမ်းဝေး။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | လူငယ်အများကြီးနိုင်ငံခြားထွက်ခွာအလုပ်လုပ်ခြင်း |
| ဆည်မြောင်းရေရရှိမှု | - | ဆည်မရှိ |
| မိုးရေမလုံလောက်မှု | ရှိ | မိုးခေါင်မှုဖြစ်တတ်သည်။ရံဖန်ရံ ခါ |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်မရှိ။ သွင်းအားစု သုံးစွဲမှု အရမ်းနည်း။ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ဖျက်ပိုးကျရောက်မှုအနည်းငယ်ရှိ၊ သို့သော်နည်းပညာ ဗဟုသုတအားနည်း။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | စိုက်ပျိုးရေးပညာရှင်မရှိ။စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်မှုမရှိ။CORAD/GRETအဖွဲ့ရှိသော်လည်း အဖွဲ့ဝင်များ ကိုသာဦးတည်သင်ပြပေးသည်။ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | လမ်းခရီးကြမ်းတမ်းသည်။တီးတိန်နှင့်ကလေးမြို့များမှ အဓိက ဝယ်ယူကြသည်။ |

| | | |
|---|---|---|
| အစိုးရမူဝါဒနှင့် စီမံချက်အထောက်အပံ့များ | ရှိ | ဗဟုသုတနည်း။လက်လှမ်းမှီမှုအားနည်းသည်။ |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

**ဇယား (၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၄ | ၁၄အိမ်ထောင်စုက ကောင်ရေ ၄၀ ပိုင်ဆိုင်ကြသည်။ |
| မြင်း | ၂၉ | ၂၉ အိမ်ထောင်စုက ကောင်ရေ ၄၆ ပိုင်ဆိုင်ကြသည်။ |
| ကျွဲ | ၁၆ | ၁၆ အိမ်ထောင်စုက ကောင်ရေ ၃၀ ပိုင်ဆိုင်ကြသည်။ |
| ဆိတ် | ၅၉ | ၅၉ အိမ်ထောင်စုက ကောင်ရေ ၁၁၂ ပိုင်ဆိုင်ကြသည်။ |
| ဝက် | ၅၂၅ | ၅၂၅ အိမ်ထောင်စုက ကောင်ရေ ၈၅၅ကောင် ပိုင်ဆိုင် ကြသည်။ |
| ကြက် | ၅၀၃ | ၅၀၃ အိမ်ထောင်စုက ကောင်ရေ ၂၄၉၃ ကောင် ပိုင်ဆိုင် ကြသည်။ |
| ဘဲ | ၆ | ၆ အိမ်ထောင်စုက ကောင်ရေ ၆၂ ကောင် ပိုင်ဆိုင် ကြသည်။ |
| အခြား(နွားနောက်) | ၇၉ | ၇၉ အိမ်ထောင်စုက ကောင်ရေ ၁၉၇ ကောင် ပိုင်ဆိုင် ကြသည်။ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၆ | ၆ အိမ်ထောင်စုက ၁၀ကန် ကောင် ပိုင်ဆိုင်ကြသည်။ |
| ပုဇွန်ကန် | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၂.၂) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | ရွာပိုင်စားကျက်မြေ တည်ရှိ ၍ တိရိစ္ဆာန်စာလုံ လောက်မှုရှိသည်။ |
| ရေရရှိမှု | စိမ့်စမ်းရေကိုသာအဓိကအားကိုးကြသည်။ |
| တိရစ္ဆာန်မျိုး | ဒေသမျိုးကိုသာ မွေးမြူကြသည်။ |
| ချေးငွေ | ထွေအုပ်မှနွားနောက်နှင့်ဝက်မွေးရန်ချေးငွေပေးသည်။ |
| သွင်းအားစုဈေးကွက် | - |
| ဝန်ဆောင်မှုဈေးကွက် | မြို့နယ်တိကုနှင့်ချိတ်ဆက်လုပ်ဆောင်သည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | အိန္ဒိယသို့ နွားနောက်များတင်ပို့ရောင်းချ နိုင်သည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အသင့်အတင့်ရှိ၊ဝက်မွေးမြူရန်နေရာအကျယ်အဝန်း ရှိပါသည်။ |
| အခြား(၁) | |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၂.၂.၃) အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာနှင့်စိမ်ခေါ်မှု

**ဇယား(၂၀) အသား/ငါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် ပြဿနာနှင့်စိမ်ခေါ်မှု**

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | တစ်နိုင်မွေးမြူရေးအတွက် GRET/MFI မှချေးငွေ ရ နိုင်သော်လည်းကန့်သတ်မှုရှိသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | မိုးရာသီတွင်နွားများ၌ ပေါင်ပုပ်လက်ပုပ်ရောဂါ ဖြစ်တတ်သည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | နည်းပါးသည်။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု | နည်း |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | မမှီ |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | - |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

**ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ**

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၁ | | ၃ | လက်သမား(၈)၊ပန်းရံ (၃) တစ်နှစ်ပတ်လုံးနီးပါးအ လုပ်ရှိပါသည်။ |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ် ရေး | ၂၁ | | ၁၀ | အရောင်းအဝယ်ဇဦး၊ အသင့်အတင့်အဆင်ပြေ သည်၊ ကုန်စုံဆိုင်၃ဆိုင်၊အိမ်ဈေးဆိုင်(၉)ဦး။(စီးပွားရေးတွက်ခြေကိုက်မှုအသင့်အတင့်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၂ | | ၅ | ထမင်းဆိုင်၂-ဆိုင်နယ်စပ်လမ်းမပေါ်တွင်ရှိသဖြင့်တွက်ခြေကိုက်ပါသည်။ |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့်ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်း | | | | |
| ၁၂ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | ၉ | | | ဌာနအစုံတွင်လုပ်ကိုင်ကြသည်။(မည်သည့်ဌာနများတွင်လုပ်သည်ကိုမမေးခဲ့)ပုံမှန်လစာရခြင်းနှင့်လစာတိုးလာခြင်းကြောင့်စီးပွားရေးတွက်ခြေကိုက်မှုကောင်းသည်။ |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၅ | | | ဝင်ငွေပုံမှန်ရရှိမှုမရှိ။(မည်သည့်လုပ်ငန်းများတွင်လုပ်သည်ကိုမမေးခဲ့ပေ) |
| ၁၇ | ပြင်ပအဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၁၈–၂၀၊ဇူလိုင်၊၂၀၁၅)

## (၂.၂.၃.၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲ များ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| နယ်စပ်လမ်းမပေါ်၌ရွာတည်နေခြင်း၊ကုန်ပစ္စည်းများသိုလှောင်ထားရန် ဂိုထောင်များငှားရမ်းလုပ်ကိုင်နိုင်ခြင်း။ | အလုပ်ကိုင်အခွင့်အလမ်းနည်းပါး၊ လုပ်ကိုင်နိုင်သောလူငယ်များပြင်ပသို့သွားရောက် လုပ်ကိုင်ကြခြင်း။ |
| ကုန်တင်ကုန်ချလုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း။ ရိဒ်ရေကန်သွားရာလမ်းပေါ်တွင်တည်ရှိခြင်း။ | မိုးရာသီတွင်အလုပ်အကိုင်ရှားပါးခြင်း၊သွားရေးလာရေးခက်ခဲခြင်း။ |

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်**

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | တီးတိန်(၁၄)မိုင်<br>တီးအိုးချောင်း(၁၈)မိုင် | ကလေး(၇၁)မိုင် |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အထောက်အပံ့များ | နယ်စပ်လမ်းမပေါ်တည်ရှိခြင်း | အိန္ဒိယဈေးကွက် |
| ကုန်စည်အမျိုးအစား နှင့် ဝန် ဆောင် ပေးနိုင်မှု | လူသုံးကုန်၊အဝတ်အ ထည်၊ စားသောက်ကုန်၊ ဆေးဝါး၊ အိမ်ဆောက်အပိုပစ္စည်း များ လက်လီလက်ကားရနိုင်ပါသည်။ | လူသုံးကုန်၊ အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါး၊အိမ်ဆောက်အပိုပစ္စည်းများလက်လီ လက်ကား ရနိုင်ပါသည်။ |
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | အဆောက်အဦးမကောင်း တနင်္ဂနွေနေ့တိုင်းဆိုင်များ ပိတ်သည်။ | အဆောက်အဦးကောင်း၊ဝန်ဆောင်မှု အားကောင်း၊ ဈေးနှုန်း ပိုချိုသာ။ |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုး နှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အ ခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် | – | – | – | – | – |
| ပုဂ္ဂလိကဘဏ် | – | – | – | – | – |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | – | – | – | – | – |
| အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ် | MFI | ၁၂လ | ၂.၅% | အပေါင်ခံပစ္စည်းလို အိမ်၊ယာ၊ | |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုး နှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အ ခက်အခဲများ |
|---|---|---|---|---|---|
| ငွေချေးပေးသူ | ပုဂ္ဂလိက | နှစ်ဦးသဘောတူ | ၅%မှ၇% အထိ | အခြားနှစ်ဦးသဘောတူ | အယုံအကြည်ပေါ်မူတည်သည် |
| အပေါင်ဆိုင် | – | – | – | – | – |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ပုဂ္ဂလိက | နှစ်ဦးသဘောတူ | ၅%မှ၇% အထိ | နှစ်ဦးသဘောတူ | အယုံအ ကြည်ပေါ်မူတည်ပါသည် |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၅) သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင်ပါတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

### (၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

**ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ**

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | အသင့်အတင့်ရှိ | တောမီးကြောင့်နှင့်ရေတိုက်စားမှုကြောင့်မြေဆီပျက် မှုများဖြစ်သည်။ |
| အပင်မျိုးစိတ်များ | အသင့်အတင့်ရှိ | ထင်းမီးထုတ်ယူမှုနှုန်းမြင့်မားနေသည်။ တစ်နှစ်အတွက်ပျမ်းမျှထင်းတန်၁၅၀၀မှ၂၀၀၀အထိခုတ်ယူသုံးစွဲ ကြသည်။တောပြုန်းလာ၍အပင်မျိုးစိတ်များရှား ပါး လာသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | အသင့်အတင့်ရှိ | ပိုးမွှားရောဂါကျရောက်မှုအားနည်း။နည်းပညာဗဟုသုတနည်းကြသည်။ |
| ရေအရင်းအမြစ် | အသင့်အတင့်ရှိ | ထင်းမီးထုတ်ယူမှုနှုန်းမြင့်မားနေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်း၍ ရေအရင်းအမြစ်နည်းနည်းရှားပါး လာသည်။ |
| ငါးမျိုးကွဲများ | မရှိ | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်မား | သစ်တောပြုန်းတီးမှုခြင်းကြောင့် တိရစ္ဆာန်မျိုးကွဲများနေထိုင်စရာနေရာနည်းပါးလာသည်။ တောလိုက်ခြင်းကြောင့် တိရိစ္ဆာန်မျိုးကွဲများရှားပါးလာသည်။ |

| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | အသင့်အတင့်ရှိ | စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်မှုမရှိ။ |
|---|---|---|

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၅.၂) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

| **အမျိုးအစား** | **အန္တရာယ်ဖြစ်နိုင်ခြေ(နည်း/လတ်/များ)** | **ဖော်ပြချက်/ရှင်းလင်းချက်** | **လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အ ကျင့်များ** |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | တောင်ပေါ်ဒေသဖြစ်၍ ရေလွှမ်းမိုးခြင်းဖြစ်နိုင်မှုနည်း | - |
| မီးဘေး | နည်း | - | - |
| မုန်တိုင်း | နည်း | - | - |
| မိုးခေါင်ခြင်း | နည်း | သုံးလေးနှစ်မှာတစ်ခါဖြစ် | မရှိ |
| အအေးလှိုင်း | နည်း | - | - |
| တိရစ္ဆာန်ရောဂါဖြစ် ပွါးမှု | လတ် | မိုးရာသီမှာဖြစ်တတ်(ပေါင်ပုတ်လက်ပုတ်ရောဂါ) | မရှိ |
| လူရောဂါဖြစ်ပွါးမှု | လတ် | မိုးရာသီမှာဖြစ်တတ်(တုတ်ကွေး၊နှာစေး၊ဝမ်းပျက်ဝမ်းလျှော၊ငှက်ဖျား) | မရှိ |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၆) ပညာရေးနှင့်စာတတ်မြောက်မှု

### (၂.၆.၁) စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

| **ပညာရေး** | **ကျား** | **မ** | **ပေါင်း** | **၉နှစ်နှင့် အထက်၊ ကျောင်းနေလူဦးရေ၏ %** |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၈၆ | ၁၀၄ | ၁၉၀ | ၅% |
| ဘာသာရေးအခြေပြုပညာရေး | - | - | - | - |
| မူလတန်းပညာရေးပြီးဆုံး သူများ | ၁၉၁ | ၁၈၂ | ၃၇၃ | ၁၁% |
| အလယ်တန်းပညာရေးပြီး | ၁၈၅ | ၁၄၄ | ၃၂၉ | ၁၀% |

| | | | | |
|---|---|---|---|---|
| ဆုံးသူများ | | | | |
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၈၀ | ၁၀၃ | ၁၈၃ | ၅.၅% |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၂၉ | ၄၀ | ၆၉ | ၂% |
| ၉ နှစ်အထက်လူဦးရေပေါင်း | ၁၅၇၅ | ၁၇၅၅ | ၃၃၃၀ | ၇၆% |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၉၁ | ၁၈၂ | ၃၇၃ | ၇၁% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၈၅ | ၁၄၄ | ၃၂၉ | ၅၉% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၈၀ | ၁၀၃ | ၁၈၃ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၂၉ | ၄၀ | ၆၉ | |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အထက်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာတွင်းဖြဖာလုံ | | | ရွာတွင်းဖြဖာလုံ | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | ခြေလျင် | | |
| စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်) | ၁၈–×၂၄–×၁၂– | | | ၃၀–×၂၄–×၁၂–<br>၃၀–×၂၄–×၂၈–နှစ်ထပ် | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း | | | သွပ်မိုး၊နံကပ်၊ပျဉ်ခင်း | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုမရှိ | | | လုံလောက်မှုမရှိ | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| | ၂ | ၉ | ၁၁ | ၇ | ၂၁ | ၂၈ |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၆.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၃၉ |
| ဆရာ - တပည့်အချိုး | ၂၃ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | % |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ | Unicefမှထောက်ပံ့မှုရှိသည်။သို့သော်လုံလောက်မှုမရှိ။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင် မှု နှုန်းမြင့်မားသည်။ |
| မိဘဆရာအသင်း၏ အခန်းကဏ္ဍ | မိဘများနှင့်ဆရာဆရာမများအကြားဆက်သွယ်မှုအလွန်ကောင်းမွန်သည်။ |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၇) ကျန်းမာရေးနှင့်အာဟာရ

### (၂.၇.၁) အဖြစ်များသောရောဂါ

**ဇယား (၃၁) အဖြစ်များသောရောဂါ**

| | | | |
|---|---|---|---|
| ၁. တုပ်ကွေးရောဂါ | ၂.ငှက်ဖျား | ၃.ဝမ်းလျှောဝမ်းပျက် | ၄.တီဘီ |
| ၅.အကြောနာ | ၆. | ၇. | ၈. |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလိုမီတာ) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/မလုံ လောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန | ရွာ တွင်း ၁မိုင် | မလုံလောက် | ကျန်မာရေးမှူး..၁ဦး<br>သူနာပြု.... မရှိ<br>သားဖွားဆရာမ...ဦး<br>ကျန်းမာရေးလုပ်သား ..၁ဦး | မလုံလောက် | |
| တိုက်နယ်ဆေးရုံ | ရွာ တွင်း ၁မိုင် | မလုံလောက် | ဆရာဝန်...၁ ဦး (တွဲဖက်၊ တီးတိန်မြို့)သူနာပြု.. ၃ဦး | လုံလောက်မှုအသင့်အတင့်ရှိသည်။ | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (ကီလိုမီတာ) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သောအသုံးအဆောင် ပစ္စည်းများ(လုံလောက်မှု/မလုံ လောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ဆေးဆိုင် | မရှိ | မရှိ | သားဖွားဆရာမ..မရှိ၊ ကျန်းမာရေးလုပ်သား ..မရှိ ဆေးဝါးကျွမ်းကျင်သူ-မရှိ | | |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

**(၂.၈) ရေနှင့်သန့်ရှင်းရေးအခြေအနေ**

**(၂.၈.၁) သောက်သုံးရေရရှိမှု**

**ဇယား (၃၃) သောက်သုံးရေရရှိမှု**

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | - | - | - | - | - | |
| အဝီစိတွင်း | - | - | - | - | - | |
| အဝီစိတွင်း၊ စက်တွင်း | - | - | - | - | - | |
| ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၇၁၅ | သင့် | မလုံလောက် | လုံလောက် | မလုံလောက် | မရှိ |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

**(၂.၈.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)**

**ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)**

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၆၆၈ | အများစုကယင်လုံအိမ်သာကိုအသုံးပြုသ ဖြင့် ကျန်းမာရေးအသိပညာဗဟုသုတရှိကြ သည်။ |
| ကျင်းအိမ်သာ | ၄၂ | ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြ သည်။ |

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သောအိမ် ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| တောထိုင် | ၅ | အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ် ကြသည်။ |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၉) လမ်းတံတားတည်ရှိမှု

### (၂.၉.၁) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား (၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး | |
| **လမ်း** | ၁+၂ | ဆိုး | ၁၉၆၇ | - | တစ်နှစ်ပါတ်လုံး | ရွာတွင်း နှစ် မိုင် |
| **ချဉ်းကပ်လမ်း** | - | - | - | - | - | - |

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သော နှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ်လုံး |
| **ဆိပ်ခံတံတား** | - | - | - | - | - |
| **တံတား** | - | - | - | - | - |
| **ကြိုးတံတား** | ၁၂၀–×၁၈– | ကောင်း | ၂၀၀၅ | | တစ်နှစ်လုံး |
| **ရေပြွန်** | ၂၄–×၃၀–×၁၀ | ကောင်း | ၂၀၀၅ | | တစ်နှစ်လုံး |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၉.၂)ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ်အမျိုး အစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |

၁ “ လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၉.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | ဆိုင်ကယ် | မော်တော်ဆိုင်ကယ် | သုံးဘီး၊ ထော်လာဂျီ | ဘတ်စ်ကား | လှေ | မြင်းလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၁၈၇ | ၄ | ၁၀ | - | - |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

### (၂.၁၀) လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ၊မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၄၂၇ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | ၄၅ | သင့် | မရှိ |
| ဒီဇယ်သုံးအင်ဂျင် | ၆ | ကောင်း | မရှိ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

မှတ်ချက်။ ။ဆိုလာစနစ်ကိုအဓိကအားကိုးကြသည်။အိမ်ထောင်စု(၄၂၇)စုမှ အလုံးရေ ၄၆၁ ပိုင် ဆိုင် ကြသည်။ကိုယ်ထူကိုယ်ထအသေးစားရေအားလျှပ်စစ်သုံးစွဲသူ(၄၅)အိမ်ထောင်စုရှိ သည်။

### (၂.၁၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား (စာကြည့်တိုက်) |
|---|---|---|---|---|---|---|
| အရေ အတွက် | ၁၂၁ | ၃၁ | ၈၁ | - | - | ၁ |

မှတ်ချက်။ ။ဖုန်းသုံးစွဲသောအိမ်ထောင်စု(၇၆)ကဖုန်းလုံးရေ(၁၂၁)ပိုင်ဆိုင်သည်။ ရေဒီ ယိုသုံး

စွဲသောအိမ်ထောင်စု(၃၀)ကလုံးရေ(၃၁)ပိုင်ဆိုင်သည်။တီဗွီကိုအိမ်ထောင်စု(၇၈)မှ လုံးရေ(၈၁) လုံးပိုင်ဆိုင်သည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၁၂) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | ရှိ | လက်ဖက်ရည်ဆိုင်၊ ဘောလုံးပွဲများလက်လှမ်းမှီမှုရှိကြသည်။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်းဖြင့်ပါဝင်ကြသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ခရစ်ယာန်ဘာသာရေးပွဲများတွင်တက်ကြွစွာကူညီလုပ်ကိုင်ပေးခြင်း၊သီချင်းဆိုခြင်း၊က ပြဖျော်ဖြေခြင်းဖြင့်ပါဝင်ကြသည်။ |
| အားကစားအဆောင်အယောင်များအား လက်လှမ်းမှီမှု | ရှိ | ကျေးရွာအားကစားကွင်းနှင့် အားကစားပြိုင် ပွဲ၊စသည်တိုင်းတွင် ပါဝင်ကြသည် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အ ဖြစ်ဆောင်ရွက်ခြင်းဖြင့်ပါဝင်ကြသည်။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | ဘာသာရေးပွဲများနှင့် နေ့ထူးနေ့မြတ်များတွင်ရိုးရာဝတ်စုံများအမြတ်တနိုး ဝတ်ဆင်ခြင်းများ၊ချင်းယဉ်ကျေးမှု ထိန်းသိမ်းခြင်းများ၊ ခေါင်ရည်ပြုလုပ် ခြင်းများဖြင့်ပါဝင်ကြသည်။ |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု | ရှိ | စာကြည့်တိုက်တစ်ခုရှိသည်။ |

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၁၃) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

### (၂.၁၃.၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး | ရှိ | ဆက်သွယ်ရေး network၊ စီဒီအမ်အေ |

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| များ အား လက်လှမ်းမှီမှု | | ၄၅၀-၈၀၀ ဖုန်းလိုင်းများအသုံးပြုနိုင်သည်။စာတိုက်တစ်ခုရှိခဲ့သည်။သို့သော်ယခုအ သုံးမဝင် တော့ပေ။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ | လက်လှမ်းမှီမှုမရှိ၊ဗဟုသုတမရှိ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်နှင့်ပတ်သက်၍ ပြုလုပ် ထားမှုမရှိ။ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | မရှိ | မြို့နယ်ရဲစခန်းနှင့်အလှမ်းဝေးလွန်းသည်။ မှုခင်းရေးရာဖြစ်သောခါမျှသာသွားရောက် လေ့ရှိ သည်။ |

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

## (၂.၁၃.၂ ) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | သာမာန် | သာမာန် | သာမာန် | သာမာန် |

Note:

၁။ စိုးရိမ်  ၂။ သာမာန်

ရည်ညွှန်း-ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၂၃-၂၅၊ဇူလိုင်၊၂၀၁၅)

**နောက်ဆက်တွဲ (၂)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

| အလားအလာများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • **စိုက်ပျိုးရေး**<br>• မြေယာပိုင်ဆိုင်မှုနှင့်ဥယျာဉ်ခြံစိုက်ပျိုးမှု<br>• မျောက်ငိုပင်စိုက်ပျိုးမှု | ယာမြေဧက (၂၀၀) ကျော်ရှိပြီး၊ ပြောင်းနှင့် ပဲ အဓိက စိုက်ပျိုးကြသည်။ ပြောင်းဖူးအားဆန်နှင့်ရောရှုံချက်ပြုတ် ပြီး စား သုံးကြသည်။ မျောက်ငိုပင် အားအိမ်တိုင်း စိုက်ပျိုး ကြပြီး၊ အိန္ဒိယ သို့တင်ပို့ရောင်းချကြသည်။အခြားဝင်ငွေရ စိုက်ပျိုးသီးနှံ မှာ ဒေသအခေါ် မျောက်ငို ပင် ဖြစ်ပြီး နှစ်ရှည်အသီး ပင် ဖြစ် သည်။ သက်တမ်း၅–၆ နှစ်တွင်စတင် အသီးသီးပြီး၊ စတင်အသီးသီးသော နှစ် တွင် ( ၇၀၀၀၀ –၈၀၀၀၀ ) ကျပ်အထိ ဝင်ငွေရ ရှိ ကြသည်။ ပုံမှန် အသီးသီးလျှင် ( ၂၀၀၀၀၀–၃၀၀၀၀၀) ကျပ်အထိ ရ ရှိ သည်ဟု သိရှိရ သည်။ အိမ် ထောင်စုတိုင်းတွင် အနည်းဆုံး (၁–၂) ပင်မှ အများဆုံး (၁–၂) ဧက အထိ စိုက်ပျိုးထားရှိ ပြီး ဝင်ငွေ ရရှိမှုအားကောင်း သော သီးနှံ ဖြစ်သည်။ ပွဲ စားများမှ လာ ရောက် ဝယ်ယူမှု များ ပြားလျက်ရှိ ပြီး၊ အိန္ဒိယ ဈေး ကွက်သို့ အရှိန် အဟုန် မြင့် စွာ ထိုး ဖောက် လျှက်ရှိပါသည်။ အလား အလာ ကောင်းသော သီးနှံ တစ် ခု အဖြစ် ရပ် တည် လျှက်ရှိ ပါသည်။ တောင် သူဦး ကြီးများအနေဖြင့် သဘာ ဝမြေဆွေး၊ မြေသြဇာ နှင့် တ မာ ကဲ့သို့ သော သဘာဝပိုးသတ်ဆေးများကိုအသုံးပြုရန် အ သိ ပညာ များတိုးပွား စေခြင်းဖြင့် သီးနှံ အထွက်နှုန်း တိုး တက်ရန် ဆောင်ရွက်ကြရပါမည်။ |
| • **မွေးမြူရေး**<br>• နွားနောက်မွေးမြူရေး | နွားနောက်အားချမ်းသာသောအိမ်ထောင်စုများမှမွေးမြူကြပြီး၊ဒေသဈေးကွက်အတွင်းသာထုတ်လုပ်ရောင်းချကြသည်။တန်ဖိုးမြှင့်တင်လုပ်ငန်းများပြုလုပ်နိုင်ကပိုမိုအဆင်ပြေနိုင်ပြီး၊ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည်။<br>နွားနောက်မွေးမြူရေးသည် ဒေသနှင့် ကိုက်ညီမှု ရှိပြီး၊ စီးပွားဖြစ် မွေးမြူပြီး၊ အသား ခြောက်ထုတ်လုပ်နိုင်က ၊ဒေသတွင်းစီးပွားရေး ပိုမိုကောင်းမွန်လာနိုင်စေပြီး၊ ဝင်ငွေတိုး ရရှိ လာ စေမည် ဖြစ်သည်။ |
| • **စားကျက်မြေပိုင်ဆိုင်မှု** | တိရစ္ဆာန်များလွတ်ကျောင်းနိုင်ရန်စားကျက်မြေများရှိပြီး၊ တိရစ္ဆာန်အစာလုံလောက်မှုရှိသည်။တိရစ္ဆာန်များလွတ်ကျောင်းနိုင်ပြီး၊ မြေနေရာအလုံလောက်ရှိကြသည်။ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီး** | အိန္ဒိယနယ်စပ်လမ်းမပေါ်၌ရှာတည်နေသဖြင့်၊ ကုန်ကား |

| အလားအလာများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **ပွားရေးလုပ်ငန်းများ**<br>• ကုန်ပစ္စည်းသိုလှောင်နိုင်မှုနှင့်ဝန်ဆောင်မှုဈေးကွက်<br>• နိုင်ငံခြားပို့ငွေရရှိမှု | တစ်ချို့သွားလာနိုင်ပြီး၊ကုန်ပစ္စည်းများသိုလှောင်ထားရန်ကို ထောင်များငှားရမ်းလုပ်ကိုင်နိုင်သည်။ ရိဒ်ရေကန်သို့သွားရာလမ်းမပေါ်တွင် တည်ရှိသဖြင့်ပွင့်လင်းရာသီများတွင်ခရီးသွားအချို့ရှိပြီး၊အရောင်းအဝယ်အနည်းငယ် ကောင်းမွန်မှုရှိသည်။အထူးသဖြင့်စားသောက်ဆိုင်အချို့ဝင်ငွေပိုမိုရရှိနိုင်သည်။ ပြည်ပသို့သွားရောက်အလုပ်လုပ်နေသူ အများအပြားရှိပြီး၊၎င်းတို့မှ ပြန်ပို့ငွေများသည် ကျေးရွာမိသားစုများအတွက်စီးပွားရေးအားလွန်စွာအထောက်အကူပြုကြသည်၊ |
| **ပညာရေး**<br>• အထက်တန်းပညာရေးလက်လှမ်းမှီမှု | မူလတန်းကျောင်းနှင့်အထက်တန်းကျောင်းတစ်ခုတည်ရှိသဖြင့်ကလေးသူငယ်များပညာသင်ကြားရန်အလို့ငှာအဆင်ပြေမှုရှိကြသည်။ အခြားကျေးရွာများနှင့် နှိုင်းယှဉ်လျှင် (ချင်းပြည်နယ်ရှိ) ဆရာ၊ဆရာမ အသင့်အတင့်ရှိပြီး၊ ပညာသင်ကြားမှု တွင် ကလေးများစိတ်ဝင် စားမှုပိုများ ကြသည်။အထက်တန်းကျောင်းရှိသောကြောင့်အခြားကျေးရွာမှ ကျောင်းသား များ လာရောက်ပညာ သင်ကြား လျှက်ရှိကြသဖြင့်ပညာရေး ဖွံ့ ဖြိုး တိုးတက်မှုတွင် အထောက် အကူဖြစ်စေပေသည်။ |
| **ကျန်းမာရေး**<br>• ကျန်းမာရေးဆိုင်ရာလက်လှမ်းမှီမှု (တိုက်နယ်ဆေးရုံလက်လှမ်းမှီမှု) | ကျေးလက်ကျန်းမာရေးဆေးခန်းနှင့်တိုက်နယ်ဆေးရုံတစ်ခုရှိခြင်းသည်လည်းကျေးရွာကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများအတွက်လွန်စွာအရေးပါပေသည်။တီးတိန်နှင့်တွဲဖက်ဆရာဝန်တစ်ဦးရှိပြီး၊လိုအပ်က၊ခွဲစိပ်မှုများပင်လုပ်ဆောင်နိုင်ပေသည်။ကျန်းမရေးလုပ်သားတစ်ဦး၊ သူနာပြုနှင့် သားဖွားဆရာမ များလည်းရှိကြသည်။ |
| **သတင်းနှင့်ဆက်သွယ်ရေး**<br>• စာတိုက်၊ တယ်လီဖုန်းနှင့် နိုင်ငံတကာ ဖုန်းများလက်လှမ်းမှီမှု | ကျေးရွာလူထုသည် တယ်လီဖုန်း (၁၂၀) လုံး၊ ရေဒီယို (၃၀) လုံး၊ ရုပ်မြင်သံကြား (၈၀) လုံးတို့အား ကောင်းမွန်စွာအသုံးပြုနိုင်ကြပါသည်။ စီဒီအမ်အေ ၄၅၀-၈၀၀ စသောဖုန်းလိုင်းများအသုံး ပြုနိုင်ကြသည်။ နိုင်ငံခြားသို့ လည်း ဖုန်း တိုက်ရိုက်ဆက်သွယ် ခေါ်ယူမှုများလည်း ရှိပါသည်။ အိန္ဒိယဖုန်းလိုင်းမှာ ဆက်သွယ်ရေးကိရိယာတစ်ခုတပ်ဆင်ပြီးပြည်ပနိုင်ငံများသို့ခေါ်ဆိုနိုင်ကြသည်။ ပြည်ပရောက်နေသာကျေးရွာသားများသည်မိမိမိသားစုဝင်များအားအချိန်မရွေးခေါ်ဆိုနိုင်ကြောင်းသိရသည်။ ကျေးရွာတွင်စာကြည့်တိုက်တစ်လုံးရှိ သော်လည်း လိုအပ်သောစာအုပ်စာပေများအားလက်လှမ်းမှီမှုအားနည်းကြသည်။ ဆက်သွယ်ရေးနှင့်ပတ်သက်၍ စာတိုက်တစ်ခု ရှိပြီး၊ စာ ပို့နှင့်စာပေးစာယူလုပ်ငန်းများလုပ်ကိုင် နိုင် ကြသည်။ |

ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| **စိုက်ပျိုးရေး (သီးနှံ)**<br>• စပါးစိုက်ပျိုးနိုင်မှုအခက်အခဲ<br>• ပြောင်းမျိုးကောင်းမျိုးသန့်ရရှိနိုင်မှု | လယ်သီးနှံဖြစ်သောစပါးအားစိုက်ပျိုးခြင်းမပြုနိုင်သဖြင့် ကျေးရွာအတွင်းစားသုံးမှုအားပြင်ပမှဝယ်ယူကြရသည်။ စပါးစိုက်ပျိုးနိုင်သောလယ်မြေအနည်းငယ်မျှသာရှိသောကြောင့်ဖြစ်သည်။ပြောင်းဖူးမျိုးကောင်းမျိုးသန့် ရရှိနိုင်မှုမှာအခက်အခဲရှိပြီး၊ဒေသမျိုးများကိုသာနှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေကြသည်။ ထို့ကြောင့်ပိုးမွှားများအားထိရောက်စွာမနှိမ်နင်း နိုင်ပေ။ |
| **မွေးမြူရေး**<br>• နည်းပညာနှင့်ဝန်ဆောင်မှုအားနည်းခြင်း | မွေးမြူရေးဆိုင်ရာကုသရေးနည်းစနစ်များနှင့် အခြားစီးပွားဖြစ်မွေးမြူမှုများအားနည်းမှုရှိကြသည်။ မွေးမြူရေးဆိုင်ရာချေးငွေနှင့် ပတ်သက်၍ တာဝန်ယူထုတ် ချေးပေးသောအဖွဲ့အစည်းများမရှိခြင်းကြောင့် တစ်ပိုင်တစ်နိုင်အနေဖြင့်သာမွေးမြူကြသည်။ အချို့ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုသော်လည်း အရင်းအနှီးမရရှိခြင်းများကြောင့် အဟန့် အတားများဖြစ်ကြရသည်။ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**<br>• တန်ဖိုးမြှင့်တင်မှု | နွားနောက်မွေးမြူရေးသည် ချင်းပြည်နယ်၏ အဓိကမွေးမြူရေးဖြစ်သော်လည်း၊နွားနောက်အားတန်ဖိုးမြှင့်တင်ထုတ်လုပ်မှုနှင့်ပတ်သက်၍နည်းပညာအားနည်းမှုရှိကြောင်းသိရှိရသည်။ ဒေသတွင်းရှိဈေးကွက်အတွင်း၌သာ အရောင်းအဝယ်ရှိပြီး၊ ပြင်ပဈေးကွက်အတွင်း သို့ထိုးဖောက်ရောင်းဝယ်နိုင်ခြင်းမရှိပေ။ အသားခြောက်ပြုလုပ်ရောင်းချသည့်နည်းပညာပိုင်းတွင်လည်းအားနည်းမှုရှိပြီး၊ စွန့်ဦးတီထွင် သူများမရှိသေးပေ။ |
| **ပညာရေး**<br>• အဆောက်အဦး | အဆောက်အဦးနှင့်ပတ်သက်၍ကျောင်းသားအချိုးနှင့်ညီမျှမှုမရှိပေ။၎င်းအပြင်ဆရာ၊ဆရာမများနေရန်နေအိမ်အဆောက်အဦးလုံလောက်မှုမရှိသောကြောင့် အခက်အခဲရှိကြသည်။ထို့ကြောင့်ကလေးများအတွက်ပျော်ရွှင်သောပညာရေးပတ်ဝန်းကျင်ဖန်တီးပေးနိုင်ကပညာသင်ကြားရေးတွင်ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။ |
| **ကျေးရွာတွင်းအ ခြေခံအဆောက်အဦး**<br>• လမ်းပမ်းဆက်သွယ်ရေး<br>• ရေရရှိမှု | နယ်စပ်ကုန်သွယ်သောလမ်းဖြစ်သော်လည်း တောင်ပေါ်ဒေသဖြစ်၍သွားလာရခက်ခဲပေသည်။မိုးရာသီတွင်သယ်ယူပို့ဆောင်မှုလွန်စွာ ခက်ခဲပြီး၊ ကုန်စည်ပို့ဆောင်မှုမှာ လွန်စွာကြံ့ကြာတတ်ပေသည်။ ကျေးရွာတွင်းလမ်းမှာ ကားများစွာဖြတ်သန်းသွားလာကြသ ဖြင့်လမ်းများပျက်စီးနေသည်။ထို့ကြောင့် |

| အပာန်အာတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
| --- | --- |
| | ကတ္တရာလမ်းခင်းနိုင်ကတစ်နှစ်ပတ်လုံးကောင်းမွန်စွာအသုံးပြုနိုင်ပေမည်။ ရေဖြန့်ဝေပေးမှုနှင့်ပတ်သက်၍ လုံလောက်မှုမရှိကြောင်းတွေ့ရှိရသည်။အကြောင်းမှာဖြန့်ဝေပေးရေးပိုက်လုံလောက်မှုမရှိ သောကြောင့်အိမ်တိုင်းအားလုံးရေမရရှိကြပေ။ |

## လှိုင်တီးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအစီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **<u>အုပ်ချုပ်ရေး</u>** | | | | | |
| • စည်းရုံးရေးခက်ခဲမှုပြသာနာရှိခြင်း | • ကျေးရွာအိမ်ထောင်စုများခြင်း။<br>• ကျေးရွာအုပ်ချုပ်ရေး ယန္တယားအပေါ်လူထုရဲ့ယုံကြည်မှုအားနည်းခြင်း။ | • မြို့နယ်ခွဲ ကျလျှင်အုပ်ချုပ်ရေးစနစ်ပိုမိုအားကောင်းလာနိုင်ခြင်း။ | • စီမံခန့်ခွဲမှုနှင့်ပတ်သက်၍စိတ်ဝင်စားမှာအားနည်း ခြင်း။<br>• အပြန်အလှန်လေးစာမှုမရှိခြင်း။(အုပ်ချုပ်သူလူတန်းစားများအပေါ်) | • အုပ်ချုပ်ရေးနှင့်သက်ဆိုင်သောစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများပေး ခြင်း | • စည်းရုံးရေးသင် တန်းများပေးခြင်၊<br>• ကောင်းမွန်သောစီမံခန့်ခွဲအုပ်ချုပ်မှုသင်တန်းများရရှိအောင်ပြုလုပ်ခြင်း။<br>• ခေါင်းဆောင်မှုသင်တန်းများပြုလုပ် ခြင်း။ |
| **<u>စိုက်ပျိုးရေး</u>** | | | | | |
| • စိုက်ပျိုးရေမလုံလောက်ခြင်း | • ရေထွက်ပေါက်နည်းခြင်း၊ရာသီဥတုဖောက်ပြန်ခြင်း၊သစ်တောခုတ်ယူမှုများပြားလာ၍ ရေ အရင်း | • ဘေးချင်းကပ်ရွာပိုင်နက်မှရေသွယ်ယူနိုင်ခြင်း။ | • ပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းခြင်း<br>• ငွေကြေးအရင်းအနှီးမလုံလောက်ခြင်း။ | • သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေး | • စိုက်ပျိုးရေသွယ်ယူရန်ပိုက်လိုင်းတပ်ဆင်ခြင်း<br>• သစ်တောပြုန်းတီးမှုကာကွယ်ရန်သစ်ပင်စိုက်ပျိုးခြင်း။ |

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအစီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | အမြစ်ရှားပါးလာခြင်း။ | | | | |
| • စိုက်ပျိုးရေးနည်းပညာရရှိမှုအားနည်း (အဆင့်မြင့်တောင်ယာစိုက်ပျိုးရေးနည်းစနစ်များ၊ ဝင်ငွေရသီးနှံစိုက်ပျိုးထုတ်လုပ်နည်းများ-ဥပမာ-နဂါးမောက်သီး) | • စိုက်ပျိုးပညာပေးသောအဖွဲ့အစည်းများနှင့်လက်လှမ်းမမှီခြင်း၊<br>• ရွာတွင်းမှာအသိပညာဖြန့်ဖြူးမှုအားနည်းခြင်း။ | • တောင်သူတွေကနည်းပညာလိုလားမှုရှိခြင်း။ | • နည်းပညာတတ်သူနှင့်ချိတ်ဆက်နိုင်မည့်နည်းလမ်းလက်လှမ်းမမီခြင်း။ | • စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍စိုက်ပျိုးရေးနည်းပညာများရရှိရန်လုပ်ဆောင် ခြင်း။ | • စိုက်ပျိုးရေးဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း။ (အဆင့်မြင့်တောင်ယာစိုက်ပျိုးရေးနည်းစနစ်များ၊ဝင်ငွေရသီးနှံစိုက်ပျိုးထုတ် လုပ်နည်းများ-ဥပမာ နဂါးမောက်သီး) |
| • ပြောင်းဖူးမျိုးစေ့မျိုးကောင်းမျိုးသန့်မရရှိခြင်း။ | • မျိုးကောင်းမျိုးသန့်မထုတ်လုပ်နိုင်ခြင်းစိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်မှုအားနည်း ခြင်း။ | • စိုက်ပျိုးရန်စိတ်ဝင်စားသောတောင်သူများရှိခြင်း။<br>• မျိုးစေ့ထုတ်လုပ်ရန်မြေနေရာကောင်းများရှိခြင်း။ | • ပြောင်းဖူးမျိုးစေ့ထုတ်လုပ်သည့်နည်းပညာလက်လှမ်းမမှီခြင်း။ | • စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ပြီးမျိုးစေ့ထုတ်လုပ်မှုစမ်းသပ်ပြုလုပ်ခြင်း။ | • မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးသင်တန်းများဖန်တီးပေးခြင်း။<br>• မျိုးစေ့ထုတ်လုပ်သည့်ခြံများသို့သွားရောက်လေ့လာခြင်းစိုက်ပျိုးထုတ်လုပ်ခြင်း။ |
| **<u>ပညာရေး</u>** | | | | | |
| • ကျောင်းသားများပညာရည်မ | • ကျောင်းဆောင်နည်းပြီးစာသင် | • ကျောင်းဆောင်ချဲ့ရန်မြေနေရာရှိခြင်း | • ဝေးလံသောဒေသ ဖြစ်၍အရည်အချင်းရှိ | • ကျောင်းနေကလေးများအတွက်နေပျော်စ | • ကျောင်းဆောင်တိုးချဲ့၍အသစ်ဆောက်လုပ် |

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအစီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| ပြည့်မီခြင်း။ ဘာသာရပ်အလိုက် သင်ကြားမှု အားနည်းခြင်း။ | ခန်းမလုံလောက်ခြင်း။<br>• ကျောင်းသုံးပရိဘော ကမလုံလောက်ခြင်း။<br>• ဆရာဆရာမ မလုံလောက်ခြင်း။ | • မိဘပြည်သူများမှပညာရေးတိုးတက်မှုအားစိတ်ဝင်စားမှုအားများခြင်း။ | သောဆရာ၊ဆရာမများကြာရှည်စွာမနေထိုင်နိုင်ခြင်း။<br>• ကျောင်းဆောင်သစ်ဆောက်လုပ်ရန်လူထုအင်အားဖြင့်မတတ်နိုင်ခြင်း။ | ရာပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး။ | ပေးခြင်း။<br>• ကျောင်းသုံးပရိဘောဂများပြုလုပ်ပေးခြင်း။<br>• ဘာသာရပ်အလိုက်ဆရာဆရာမအလုံအလောက်တောင်းခံခြင်း။ |
| **<u>စိုက်ပျိုးရေးနှင့် မွေးမြူရေး မဟုတ်သော လုပ်ငန်းများ</u>** | | | | | |
| • အလုပ်အကိုင်ရှားပါးခြင်း | • ကျေးရွာအတွင်းအသေးစားလုပ်ငန်းများလုပ်ကိုင်မှုနည်းပါခြင်း။ | • အလုပ်ကိုင်အခွင့်အလမ်းရရှိလာနိုင်ခြင်း။ | • ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခြင်း။<br>• အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအားလက်လှမ်းမမှီခြင်း | • အသက်မွေးဝမ်းကြောင်းဆိုင်ရာအတတ်ပညာများရရှိနိုင်ရေး၊ | • အသက်မွေးဂမ်းကြောင်းဆိုင်ရာသင်တန်းများပြုလုပ်ခြင်း။<br>• ဥပမာ။ ။စက်ပြင်၊ ကွန်ပြူတာ၊ မုန့်ပြုလုပ်ခြင်း။ |
| အသေးစားလုပ်ငန်းများထူထောင်နိုင်ရန်ငွေ ကြေး | • စီးပွားစီမံခန့်ခွဲမှုနှင့်ငွေကြေးစီမံ ခန့်ခွဲမှုအသိပညာအား | • နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင်တည်ရှိခြင်း။ | • စီးပွားရေးအတွေ့အကြုံ အားနည်းခြင်း။ | • အစိုးရနှင့်ပုဂ္ဂလိ ကချေးငွေလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း။ | • အသေးစားစီးပွားရေးအတွက်ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့ |

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအစီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| အခက်အခဲရှိခြင်း။ | နည်းခြင်း။<br>• ငွေထုတ်ချေး သောအဖွဲ့များနှင့်လက်လှမ်းမမှီ ခြင်း။ | • အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်လာနိုင်ခြင်း။ | | | များနှင့်ချိတ်ဆက်ခြင်း။ |
| **<u>လျှပ်စစ်မီး</u>** | | | | | |
| လျှပ်စစ်မီးမရရှိနိုင်ခြင်း။ | • ကျေးရွာရံပုံငွေမလုံလောက်ခြင်း။<br>• လျှပ်စစ်မီးမရရှိ၍စာကျက်ရန်အခက်အခဲ ရှိခြင်း၊ | • ထင်းမီးအတွက်သစ်ခုတ်ထွင်းမှုလျော့နည်းလာနိုင်ခြင်း<br>• ရေအားလျှပ်စစ်ပြုလုပ်ရန်Tangluiချောင်းနှင့် ၁မိုင်၄ဖာလုံသာဝေးကွာခြင်း။<br>• တစ်ရွာလုံးလျှပ်စစ်မီးရရှိနိုင်ခြင်း။<br>• ပညာရေးအတွက်ပိုမိုလေ့လာသင်ယူနိုင်ခြင်း။ | • ငွေကြေးအရင်းအနှီးမတတ်နိုင်ခြင်း။<br>• လူထုအင်အားဖြင့်မတတ်နိုင်ခြင်း။<br>• လျှပ်စစ်ဓါတ်အားတတ်ဆင်ထုတ်လုပ်နိုင်ရန်နည်းပညာတတ်ကျွမ်းသူမရှိခြင်း | • ကျေးလက်လျှပ်စစ်မီးရရှိရန်လုပ်ဆောင်နိုင်ရေး။ | • ရေသွယ်ယူရန်လိုအပ်သောပိုက်လိုင်း များတတ် ဆင်ခြင်း။<br>• ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း (150KW) |

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအဆီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| <u>**သောက်သုံးရေ**</u> | | | | | |
| • သောက်သုံးရေမလုံလောက်ခြင်း | • သစ်တောပြုန်းတီးမှုကြောင့်ရေထွက်နည်းလာခြင်း။<br>• သောက်သုံးသူဦးရေတိုးလာခြင်း | • ရွာမှခြောက်မိုင်သာဝေးသည့်နေရာ၌ရေထွက်ပေါက်ရှိခြင်း။<br>• ဂါလံ၂၀၀၀နှင့် ဂါလံ ၅၀၀၀ဆန့်ရေလှောင်ကန်နှစ်လုံးရှိခြင်း။ | • ရေသွယ်ရန်ပိုက်မဝယ်နိုင်ခြင်း။ ပိုက်သွယ်တန်း ရန် အလှမ်းဝေးခြင်း။ | • ကျေးလက်သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး။ | • သောက်သုံးရေရရှိ ရန်ရေ ပိုက်ဖြင့်သွယ် ယူခြင်း။ |
| <u>**လမ်းပန်းဆက်သွယ်ရေး**</u> | | | | | |
| ကျေးရွာတွင်းလမ်းမကောင်းခြင်း (မိုးရာသီ-အထူးသဖြင့်) | • နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိနေသဖြင့် ကုန်တင်ကားများဖြတ်သန်းသွားလာမှုများခြင်း။<br>• ကုန်များအဆမ တန်တင်ပိုသည့်ကားကြီးများကြောင့်ကားလမ်းများပျက်စီးမှုနှုန်း မြင့်မားခြင်း။ | • အိန္ဒိယနိုင်ငံသို့ပို့ကုန်များပိုမိုတင်ပို့နိုင်ခြင်း။<br>• နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းကောင်းမွန်လာပါကကုန်စည်များအချိန်မီနှင့်မြန်ဆန်စွာပို့ဆောင်လာနိုင်ခြင်း။ | • အစိုးရကကောင်းမွန်စွာမလုပ်ဆောင်ပေးခြင်း။ | • ကျေးလက်လမ်းအဆင့်မြင့်ပြုပြင်ခြင်း | • ရေနုတ်မြောင်း၊ ရေပြွန်များတပ်ဆင်ပြုလုပ်ခြင်း။<br>• ကတ္တရာလမ်းခင်းခြင်း |

| ပြဿနာ | ပြဿနာအရင်းအမြစ် | အလားအလာ | အတားအစီး/စိန်ခေါ်မှု | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | • ရေမြောင်းများ ကောင်းကောင်းမရှိခြင်းကြောင့်ရေ တိုက်စားပြီးကားလမ်းများ ပျက်စီး ခြင်း။ | | | | |
| **မွေးမြူရေး**<br>• တိရစ္ဆာန်ရောဂါ ကျရောက်မှုရှိခြင်း။ | • ရောဂါကာကွယ် သည့်နည်းလမ်းမသိခြင်း။<br>• ကာကွယ်ဆေးလက် လှမ်းမမီခြင်း။ | • တိရစ္ဆာန်ကုသရေး ကိုစိတ်ဝင်စားသော သူများရှိခြင်း။<br>• တိကုဆရာရရှိပက ရောဂါကျရောက်မှု ကိုထိန်းချုပ်ကာ ကွယ်သွားနိုင်ခြင်း။ | • မွေးမြူရေးဗဟုသုတ လက်လှမ်းမမီခြင်း။ | • တိကုဌာနမှာမွေးမြူ ကုသရေးသင်တန်း နှင့်သင်တန်းဆရာ တောင်းခံခြင်း။ | • မွေးမြူကုသရေးသင် တန်းများဖန်တီးပေး ခြင်း။<br>• တိရစ္ဆာန်များစနစ်တ ကျမွေးမြူရန်နည်းပ ညာပေးခြင်း။ |

ရည်ညွှန်း–ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်များ(၂၃–၂၅၊ဇူလိုင်၊၂၀၁၅)

## ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ တီးတိန်မြို့နယ်၊ ကပ်တယ်လ်ကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအ နေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအ

# အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက်

**စီမံကိန်းအဆိုပြုလွှာ (သို့) စီမံကိန်းအကြောင်းအရာ (Project profile)**

<table>
<tr><td colspan="2">ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး / ပြည်နယ် -</td></tr>
<tr><td colspan="2">စီမံကိန်းအမည် -</td></tr>
<tr><td colspan="2">စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)</td></tr>
<tr><td colspan="2">စီမံကိန်းဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

## စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
| --- |
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံကိန်းပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |